# ရှေ့မှီ
## The Mirror

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့ (4-5-2011) (၆၇၄၉)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မြန်မာစာပေပညာရှင်ကြီးများ၏ ဦးနှောက်၊ အတွေးအခေါ်၊ အယူအဆ၊ အရေးအသားများ အဆင့်မြင့်မား မြန်မာစာပေပညာရှင်ကြီးများ၏ စာပေများအား ကမ္ဘာကသိအောင် ဘာသာပြန်လုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် ဘာသာပြန်ဆိုထားသည့် စာအုပ်၊ စာစောင်များကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရိုက်နှိပ်ဖြန့်ချိရေး ကူညီပေးနိုင်

ရန်ကုန် မေ ၃

**မေ ၁ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဆဋ္ဌမအကြိမ် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယနေ့အချိန်အခါ၌ စာပေဆုများကို ပုဂ္ဂလိကအဖွဲ့အစည်းများက အသီးသီးချီးမြှင့်ပေးနေကြရာ နိုင်ငံတော်က ချီးမြှင့်လျက်ရှိသည့် စာပေဆုချီးမြှင့်ပွဲများနှင့်အတူ တစ်ထောင့်တစ်နေရာမှ ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။**

စွယ်စုံမီဒီယာဂရု(ပ်)က သုတစွယ်စုံစာပေဆုများကို ချီးမြှင့်ခဲ့ရာ ယခု ဆဋ္ဌမအကြိမ် တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း စွယ်စုံမီဒီယာဂရု(ပ်)အနေဖြင့် စာပေဆုများ ချီးမြှင့်နေဦးမည်ဖြစ်ရာ ဤအတွက် ကျေးဇူးတင်ပါကြောင်း။

ထို့ပြင် စာပေဆုများချီးမြှင့်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံ စာပေစာနယ်ဇင်းအဖွဲ့တို့က ချမှတ်ထားသည့် စာပေမူဝါဒများနှင့်အညီ စာပေဆုရွေးချယ်ရေးအဖွဲ့များက ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြခြင်းအတွက်လည်း ကျေးဇူးတင်ရှိကြောင်း။

ကမ္ဘာ့စာပေပညာရှင်များကို မြန်မာစာပေပညာရှင်ကြီးများ ယှဉ်နိုင်ပါကြောင်း၊ မြန်မာစာပေပညာရှင်ကြီးများ၏ ဦးနှောက်၊ အတွေးအခေါ်၊ အယူအဆ၊ အရေးအသားများသည် အဆင့်အတန်းမြင့်မားပါကြောင်း၊ သို့သော်လည်း မြန်မာတို့၏ ရသမြောက်စာပေများကို ကမ္ဘာကသိအောင် ဘာသာပြန်ဆိုမှု **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ ဆဋ္ဌမအကြိမ် သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

## ယနေ့ သတင်းအညွှန်း



**ရှမ်းပြည်နယ် ကွတ်ခိုင်မြို့တွင် အထက်တန်းကျောင်း နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်**

(သတင်း) စာမျက်နှာ - ၂

**ရုရှား အရှေ့ဖျားဒေသရှိ မီးတောင် လေထုအတွင်းသို့ ပြာမှုန်များ မှုတ်ထုတ်**

(သတင်း) စာမျက်နှာ - ၅





**ရာသီသစ်အတွက် ပေါင်သန်း ၈၀ အသုံးပြုရန် ချယ်လ်ဆီး အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ် အဆင်သင့်ဖြစ်နေ**

(သတင်း) စာမျက်နှာ - ၁၀

## ရောဂါသုံးမျိုးတိုက်ဖျက်ရန် ကမ္ဘာ့ရန်ပုံငွေ ထူထောင်ထားရှိ မြန်မာနိုင်ငံအနေဖြင့် ရောဂါသုံးမျိုးအတွက် ငါးနှစ်စာအထောက်အပံ့ရရှိ

**ရန်ကုန် မေ ၃။** ။ကျန်းမာရေးဝန်ကြီးဌာနက ဦးစီးကျင်းပသည့် 9th Myanmar- Country Coordinating Mechanism (M-CCM) Meeting ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာ၌ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❁

## ကြွပ်ကြွပ်အိတ်နှင့် ကြွပ်ကြွပ်ကြိုးများ ထုတ်လုပ်၊ ရောင်းချခြင်း ခွင့်မပြု ကြွပ်ကြွပ်အိတ်အစား ပလတ်စတစ်အိတ်ပျော့များ ထုတ်လုပ်ခွင့်ပြု

**ရန်ကုန် မေ ၃။** ။ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ကြွပ်ကြွပ်အိတ်နှင့် ကြွပ်ကြွပ်ကြိုးများ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းတို့ကို ခွင့်မပြုတော့ကြောင်းနှင့် လိုက်နာမှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြွပ်ကြွပ်အိတ်နှင့် ကြွပ်ကြွပ်ကြိုး ထုတ်လုပ်၊ **စာမျက်နှာ ၅ ကော်လံ ၄ သို့** ❑

## အင်းလေးကန်သည် ဘိုးဘေးဘီဘင်လက်ထက်က တည်ရှိခဲ့သည့် တန်ဖိုးမဖြတ်နိုင်သော သဘာဝအရင်းအမြစ်အမွေအနှစ်ဖြစ်သဖြင့် တိမ်ကောပပျောက်ပျက်စီးမှု မရှိစေရေး၊ သားစဉ်မြေးဆက် ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများ လက်ဆင့်ကမ်းပေး

(သတင်း) စာမျက်နှာ - ၇

ကြေးမုံ The Mirror
၄-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

# စာကောင်းပေမွန်များ ရေးသားထုတ်ဝေ

စာပေပညာရှင်များက ခေတ်အဆက်ဆက်တွင် မြန်မာစာပေ၏ လောကကြောင်း၊ ဓမ္မကြောင်းဆိုင်ရာများကို အခြေခံပြီး စာပေများ ရေးသားခဲ့ကြသည်။ ထည်ဝါခဲ့ညားသော အမျိုးသားယဉ်ကျေးမှုနှင့်အတူ အမျိုး ဘာသာ သာသနာကို မြှင့်တင်နိုင်ခဲ့ကြသည်။

မျက်မှောက်ခေတ်စာပေပညာရှင်များ၊ စာပေလောကသားများက တိုင်းပြည်နှင့် လူမျိုးအကျိုးပြုသည့်စာပေများ ရေးသားနေကြပြီ။ ပြည်သူလူထုအတွင်း ကိုယ်ကျင့်သိက္ခာဆိုင်ရာ အတွေးအမြင်များ ခံယူကျင့်သုံးရေး စာပေဖြင့် ဗဟုသုတပေးကြရပေမည်။ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ အချင်းချင်း ရိုင်းပင်းညီညွတ်သည့် စိတ်ဓာတ်ကောင်းများထက်သန်စေရေး စာပေဖြင့် ရေးသားတင်ပြကြရပေမည်။

နိုင်ငံတော်က တိုင်းကျိုးပြည်ဆောင် အမျိုးသားစာပေ အဆောက်အအုံတစ်ရပ် ခိုင်ခံ့ဖြစ်ထွန်းစေရေး အားပေးလျက်ရှိသည်။ စာပေလောကရှင်သန်ထွန်းကားရေး ပံ့ပိုးဖြည့်ဆည်းပေးနေသည်။ စာပေပညာရှင်များ၏ လက်ရာမွန်များကို နှစ်စဉ်ရွေးချယ်ဖော်ထုတ်ပြီး အမျိုးသားစာပေဆုများ ချီးမြှင့်ပေးလျက်ရှိသည်။

စာပေဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားစာပေဆု ၁၄ ဆု၊ စာပေဗိမာန် စာမူဆု ၁၂ ဆုကို ပထမ၊ ဒုတိယ၊ တတိယအားဖြင့် ၃၆ ဆု နှစ်စဉ်ရွေးချယ်ချီးမြှင့်ပေးနေသည်။ ထို့အတူ ဆရာဝန်တင်ရွှေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ပခုက္ကူဦးအုံးဖေစာပေဆု၊ သုတစွယ်စုံစာပေဆု စသည့် ပုဂ္ဂလိကအဖွဲ့အစည်းများကလည်း နိုင်ငံတော်နှင့်အတူ ပူးပေါင်းဖြည့်ဆည်းချီးမြှင့်နေကြသည်။

နဝမအကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲကို မေ ၁ ရက်က ရန်ကုန်မြို့၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းတက်ရောက်ပြီး ဒီမိုကရေစီနိုင်ငံတော်အဖြစ် စတင်ကူးပြောင်းတည်ဆောက်နေချိန်တွင် စာပေ၊ စာနယ်ဇင်းနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စာပေသည် အမျိုးသားယဉ်ကျေးမှု၏ အရင်းအမြစ်ဖြစ်သည်။ နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာတည်တံ့ရေး စာပေစွမ်းအားဖြင့် စည်းရုံးလှုံ့ဆော်ရေးသားရေးသည် ယနေ့စာပေပညာရှင်များ၏ သမိုင်းပေးတာဝန်ဖြစ်သည်။ စာပေပညာရှင်များအားလုံးက တိုင်းကျိုးပြည်ပြု စာကောင်းပေမွန်များ ပြည်သူများအကြား ပျံ့နှံ့ရောက်ရှိစေရေး မျက်မှောက်ခေတ် အမျိုးသားရေးဆိုင်ရာ စာပေတာဝန်များ ကျေပွန်အောင် စွမ်းဆောင်သွားကြရမည်ဖြစ်ပါသည်။ ။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





# ပြည်သူများ၏ လိုအပ်ချက်များကို အလေးထားဖြည့်ဆည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လက်တွဲဆောင်ရွက်

**နေပြည်တော် မေ ၃**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် ကွတ်ခိုင်မြို့ ပြည်ထောင်စုခန်းမ၌ မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး၊ မူဆယ်၊ ကွတ်ခိုင်၊ နမ့်ခမ်းမြို့နယ်အုပ်ချုပ်ရေးမှူးများ၊ တာမိုးညဲ၊ မန်ဟီးရိုး၊ မုံးကိုး၊ ပန်ဆိုင်းမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးများ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းပေးရန်၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ဂရုပြုဆောင်ရွက်ကြရန်၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲဆောင်ရွက်ကြရန်တို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကွတ်ခိုင်မြို့နယ် ပြည်သူ့ဆေးရုံအတွက် ကောင်းခါးပြည်သူ့စစ်အဖွဲ့က လှူဒါန်းသော သွားစိုက်ခုံတစ်စုံ၊ ရှမ်းရွှေလီ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်က လှူဒါန်းသော ချွဲစုပ်စက်တစ်လုံး၊ ကောင်းခါးပြည်သူ့ဆေးရုံအတွက် ရွှေနှင်းမှုန် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်က လှူဒါန်းသော ချွဲစုပ်စက်တစ်လုံး၊ နမ့်ဖတ်ကာ ပြည်သူ့ဆေးရုံအတွက် ဒေါ်ရော်ရင်ကြည်က လှူဒါန်းသော ချွဲစုပ်စက်နှစ်လုံးနှင့် သားဖွားခန်းမီးဆလိုက်တစ်စုံတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ကွတ်ခိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မွန်းလွဲပိုင်းတွင် လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် လားရှိုး၊ ပန်ဝိုင်၊ နားဖန်း၊ ပန်ဆန်း၊ မိုင်းမောမြို့နယ် အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင်ကြရန်၊ ဒေသ၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့အတွက် သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိသည့် ရေကန်များကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ လားရှိုးခရိုင် အုပ်ချုပ်ရေးမှူး၊ လားရှိုး၊ သိန္နီ၊ တန့်ယန်း၊ မိုင်းရယ်၊ နားဖန်း၊ ပန်ဆန်း၊ ပန်ဝိုင်၊ မိုင်းမောမြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အင်းစိန်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၌ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးစဉ်။ (သတင်းစဉ်)

# ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ (World Veterinary Day) အထိမ်းအမှတ် အခမ်းအနားနှင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့ကျန်းမာရေးအတွက် အရေးကြီးသည့် ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ စာတမ်းသုံးစောင်ကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO)နှင့် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ပညာရှင်များက ဖတ်ကြားကြရာ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။

ထို့အတူ နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိရစ္ဆာန်ဆေးကုခန်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနရုံးများ၌လည်း ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခြင်းနှင့် ပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဇနီးဒေါ်စိန်ကြည်နှင့် သားငယ် မောင်ဇော်သန်းတို့အား ရည်စူး၍ ရန်ရှင်းလမ်း (၃)ရပ်ကွက် ရန်ကင်းမြို့နယ် ရန်ကုန်မြို့နေ တရားရုံးချုပ်ရှေ့နေ ဦးအောင်သန်း (မာန်အောင်)နှင့် သားသမီးမြေးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၌ အသုံးပြုရန် သံဃာသုံးပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရိုသုံးစုံအတွက် အလှူငွေကျပ် ၁၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

**၄-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၅ | ၁။ | တရားတော် |
| ၇း၁၅ | ၂။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၄။ | မြန်မာ့ရှုခင်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၆။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၀ | ၇။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၉။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၁၀ | ၁။ | နိုင်ငံတော်သီချင်း |
| ၄း၁၅ | ၂။ | အဖွင့်သီချင်း |
| ၄း၂၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၃၅ | ၄။ | လျှပ်တစ်ပြက် |
| ၄း၄၀ | ၅။ | အမျိုးသားရေးတေးကဗျာ |
| ၄း၄၅ | ၆။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၄း၅၀ | ၇။ | ရွှေပေါင်းသုတ |
| ၅း၀၀ | ၈။ | အားလုံးရဲ့တာဝန် |
| ၅း၂၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ၁၀။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း** -မာယာနှုတ်ခမ်း (အပိုင်း-၆၁) |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၀ | ၁၃။ | Mail Box |
| ၆း၃၅ | ၁၄။ | ကာတွန်းအစီအစဉ် ကြယ်တာရာမင်းသားလေး (အပိုင်း -၁၈) |
| ၇း၀၀ | ၁၅။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း** -ရတနာစံအိမ်(အပိုင်း-၁၈) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | ဒို့တာဝန်အရေး(၃)ပါး |
| | ၁၉။ | နိုင်ငံတကာသတင်း |
| | ၂၀။ | မိုးလေဝသသတင်း |
| | ၂၁။ | **(၆၅)နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း** -ပေးဆပ်ခြင်းများစွာ (အပိုင်း-၁) |
| | ၂၂။ | လျှပ်တစ်ပြက် |
| | ၂၃။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း** -ထာဝရချစ်သူ (အပိုင်း-၉) |
| | ၂၅။ | **ကြယ်ကလေးတို့ရဲ့ဂီတ မိုးကောင်းကင်** |



ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း သုတစွယ်စုံ တစ်သက်တာ စာပေဆုရ ဆရာကြီး ဦးဝင်းမောင် (မင်းယုဝေ)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

☆ရှေ့ဖုံးမှ

အပိုင်းတွင် အားနည်းမှုရှိနေသည်ဟု ဆိုနိုင်ကြောင်း၊ ထို့ကြောင့် မြန်မာစာပေပညာရှင်ကြီးများ၏ စာပေများအား ကမ္ဘာကသိအောင် ဘာသာပြန်ရေးလုပ်ငန်းကို ကျွမ်းကျင်သူများက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ယင်းသို့ သက်ဆိုင်ရာ ဘာသာပြန်ဆိုထားသည့် စာအုပ်စာစောင်များကို မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ရိုက်နှိပ်ဖြန့်ချိရေး ကူညီဆောင်ရွက်ပေးသွားနိုင်ပါကြောင်း။

ဆက်စပ်၍ပြောကြားရပါက နေပြည်တော်၌ အမျိုးသားစာကြည့်တိုက်ကို တည်ဆောက်လျက်ရှိပါကြောင်း၊ ဝန်ဆောင်မှုများ အပြည့်အဝပေးနိုင်သည့် အမျိုးသားစာကြည့်တိုက်ကြီးဖြစ်အောင် ပညာရှင်များက ဝိုင်းဝန်းကူညီကြစေလိုကြောင်း၊ ရန်ကုန်မြို့ရှိ အမျိုးသားစာကြည့်တိုက်ကိုလည်း အလားတူ ပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးစေရန်လည်း မိမိတို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

**တင်ပြ**

ထို့နောက် စွယ်စုံမီဒီယာဂရု(ပ်)မန်နေဂျင်းဒါရိုက်တာ ဒေါက်တာခင်မိုးမိုးက ဆုချီးမြှင့်ရခြင်းအကြောင်းနှင့် ဆုရွေးချယ်မှုတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ စွယ်စုံမီဒီယာဂရု(ပ်)ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုရွေးချယ်ရေးအဖွဲ့၏ အကဲဖြတ်ချက်များကို လည်းကောင်း တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက သုတစွယ်စုံတစ်သက်တာ စာပေဆုရဆရာကြီး ဦးဝင်းမောင်(မင်းယုဝေ)နှင့် စာပဒေသာဘာသာရပ်တွင် "အိုဆာကာညော့သည်" စာအုပ်ဖြင့်ဆုရ မောင်ခင်မင် (ဓနုဖြူ)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

**ချီးမြှင့်**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ စာပေဆု အလှူရှင် စွယ်စုံမီဒီယာဂရု(ပ်)ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာခင်မိုးမိုးတို့က လူမှုစီးပွားဘာသာရပ်အတွက် "နိဂုံးမဟုတ်သော နိဂုံး သို့မဟုတ် ရေနံစွမ်းအင်၏ စိန်ခေါ်မှုများ" စာအုပ်ဖြင့် ဆုရ ဝင်းထွဋ်ဖော်၊ ရည်ညွှန်းစာပေဘာသာရပ်အတွက် "စာအုပ်ကမ္ဘာ" စာအုပ်ဖြင့် ဆုရ ဖေမြင့်ကိုယ်စား ဒေါက်တာဖေသက်ဦး၊ ဝိဇ္ဇာဘာသာရပ်အတွက် "လွမ်းတော်မူဖို့ စာကိုစီတယ်" စာအုပ်ဖြင့် ဆုရ မောင်မိုးသူ ကိုယ်စား သမီး မအေးသီတာ၊ ဘာသာပြန် ဘာသာရပ်အတွက် "စီးပွားအောင်ခြင်း" စာအုပ်ဖြင့် ဆုရ ကြည်ရွှန်းနှင့် သိပ္ပံဘာသာရပ်အတွက် "အတိုင်းမသိစကြဝဠာ" စာအုပ်ဖြင့်ဆုရ ကိုဆွေ (ပန်နိုရားမား) တို့အား ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် စွယ်စုံမီဒီယာဂရု(ပ်)တာဝန်ရှိသူတို့က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ငွေကျပ်ခုနစ်သိန်း၊ ဦးဖိုးကျားသုတစွယ်စုံ စာကြည့်တိုက်အတွက် ငွေကျပ်ခြောက်သိန်းနှင့် စာရေးဆရာကြီး ဆရာနတ်နွယ်သို့ ကျန်းမာရေးထောက်ပံ့ ငွေကျပ်နှစ်သိန်း စုစုပေါင်းငွေကျပ် ၁၅ သိန်းကို



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ လူမှုစီးပွားဘာသာရပ်အတွက် "နိဂုံးမဟုတ်သော နိဂုံး သို့မဟုတ် ရေနံစွမ်းအင်၏ စိန်ခေါ်မှုများ" စာအုပ်ဖြင့် ဆုရရှိသူ ဝင်းထွဋ်ဖော်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

လည်းကောင်း၊ သုတစွယ်စုံစာပေဆုရွေးချယ်ရေးအဖွဲ့အတွက် ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း ပေးအပ်လှူဒါန်းချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိကြသူများကိုယ်စား ဆရာကြီး ဦးဝင်းမောင် (မင်းယုဝေ)နှင့် မောင်ခင်မင် (ဓနုဖြူ)တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်အဖွဲ့ဝင်များသည် သုတစွယ်စုံစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်များ၊ စွယ်စုံ မီဒီယာဂရု(ပ်)မှ တာဝန်ရှိသူများ၊ ဆုရ စာရေးဆရာများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား UNHCR ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား UNHCR ဌာနေကိုယ်စားလှယ် Mr. Bhairaja Panday နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား UNHCR ဌာနေကိုယ်စားလှယ် Mr. Bhairaja Panday နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃-၅-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၂၉. ၉၉၂၀ | ၀. ၀၃၃၃၄၂၂ |
| တရုတ် (ယွမ်) | ၆. ၄၉၆၆၅ | ၀. ၁၅၃၉၂၅ |
| အိန္ဒိယ (ရူပီး) | ၄၄. ၄၉၀၅ | ၀. ၀၂၂၄၇၆၇ |
| မလေးရှား (ရင်းဂစ်) | ၂. ၉၇၅၅၀ | ၀. ၃၃၆၀၇၈ |
| ဂျပန် (ယန်း) | ၈၀. ၇၇၁၁ | ၀. ၀၁၂၃၈၀၇ |
| တောင်ကိုရီးယား(ဝမ်) | ၁၀၄၃. ၀၇၉ | ၀. ၀၀၀၉၅၈၉၁၃ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၀၆၃၇၁ | ၁. ၆၄၉၁၅ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၂၆၄၀ | ၀. ၈၁၅၃၉၅ |
| ယူရို | ၀. ၆၇၅၀၉၉ | ၁. ၄၈၁၂၆ |

အင်တာနက်။

## လောပိတ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးသည် မေ ၂ ရက် နံနက်ပိုင်းတွင် ဘီလူးချောင်းအမှတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို လည်းကောင်း၊ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို လည်းကောင်း၊ အမှတ်(၃) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၃**

ကရင်ပြည်နယ် ဝေါလေမြို့နယ်ခွဲ ဥတရစ်ထကျေးရွာနေ ဦးကျော်မြင့် အသက်(၅၃)နှစ်သည် ၎င်း၏ ဥယျာဉ်ခြံအတွင်း ခြံလုပ်ငန်းလုပ်ကိုင်နေစဉ် မေ ၃ ရက် နံနက် ၇ နာရီခန့်တွင် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ ဘယ်ခြေချင်းဝတ်အထက်မှ ပြတ်ဒဏ်ရာရရှိခဲ့သဖြင့် နယ်မြေခံတပ်မှ တာဝန်ရှိသူများက ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အောက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၃

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ **နေ့အပူချိန်များ**မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မကွေးတိုင်းဒေသကြီးတွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ နေပြည်တော်(လေဆိပ်)တွင် ၁ ဒသမ ၈၁ လက်မ၊ နေပြည်တော်ပျဉ်းမနားမြို့နယ်တွင် သုည ဒသမ ၈၆ လက်မ၊ ကြို့ပင်ကောက်မြို့တွင် ၂ ဒသမ ၁၅ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၈၄ လက်မ၊ ကသာမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ကျောက်ဖြူမြို့တွင် ၁ ဒသမ ၄၉ လက်မ၊ ဆောမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ဇောင်းတူမြို့နှင့် သာယာဝတီမြို့တို့တွင် သုည ဒသမ ၉၀ လက်မစီနှင့် မြောင်းမြမြို့တွင် သုည ဒသမ ၈၆ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**။ ။ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မေ ၄ ရက် ညနေအထိခန့်မှန်းချက်**။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်**။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်မည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့** နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## ကိုကင်းထည့်သွင်းထားသောဘူး ဝမ်းဗိုက်အတွင်းပေါက်ထွက်မှုကြောင့် မူးယစ်ဆေးဝါးမှောင်ခိုသူသေဆုံး

လီမာ မေ ၃

ကိုကင်းမူးယစ်ဆေးဝါးများ ထည့်သွင်းထားသည့် အလုံပိတ်ဘူးငယ်များကို မျိုချထားသော အသက်(၂၁)နှစ်အရွယ် လစ်သူယေးနီးယားနိုင်ငံသားတစ်ဦးသည် ဝမ်းဗိုက်အတွင်း ကိုကင်းဘူး ကွဲထွက်မှုကြောင့် ပီရူးနိုင်ငံ လီမာမြို့တော်၌ သေဆုံးခဲ့ရကြောင်း မေ ၃ ရက်သတင်းများတွင် ဖော်ပြသည်။

အဆိုပါ လစ်သူယေးနီးယားနိုင်ငံသား အမျိုးသားသည် စပိန်နိုင်ငံသို့ ပျံသန်းထွက်ခွာမည့် လေယာဉ်တစ်စင်းပေါ်သို့ တက်ရောက်လိုက်ပါမည့်ဆဲဆဲတွင် ဝမ်းဗိုက်အတွင်း ကိုကင်းဘူး ကွဲထွက်မှုကြောင့် သေဆုံးခဲ့ရကြောင်း ပီရူးမူးယစ်ဆေးဝါးတိုက်ဖျက်ရေးရဲတပ်ဖွဲ့က ပြောကြားသည်။

ပီရူးရဲတပ်ဖွဲ့၏အဆိုအရ သေဆုံးသူ အမျိုးသား၏ အစာအိမ်အတွင်း အလုံပိတ်ကိုကင်းဘူးငယ် ၁၀၀ ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

သေဆုံးသူအမျိုးသားသည် လီမာမြို့တော် လေဆိပ်အနီးရှိ ဟိုတယ်တစ်ခုတွင် အခြားလစ်သူယေးနီးယားနိုင်ငံသား အဖော်တစ်ဦးနှင့် ခေတ္တတည်းခိုနေသူဖြစ်သည်။

၎င်း၏အဖော်ကိုလည်း မူးယစ်ဆေးဝါးမှောင်ခိုသယ်ယူရန် ကြိုးပမ်းမှုဖြင့် ပီရူးရဲတပ်ဖွဲ့က ဖမ်းဆီးစစ်မေးလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။ **အင်တာနက်။**



ညီညွတ်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးရန် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ သွားရောက်မည့် ဖတာလှုပ်ရှားမှုအဖွဲ့ဝင်များနှင့် အစ္စလာမ္မစ်ဝါဒီများ စီးနင်းလာသော မော်တော်ယာဉ်ကို ရာဖာမြို့ နယ်စပ်ဂိတ်၌ တွေ့ရစဉ်။

## ဟားမားစ်နှင့် ဖတာအကြား ညီညွတ်ရေးသဘောတူညီချက် ပါလက်စတိုင်းစစ်သွေးကြွအဖွဲ့ များလက်ခံ

ကိုင်ရို မေ ၃

**ဟားမားစ်အုပ်စုနှင့် ဖတာလှုပ်ရှားမှုအဖွဲ့တို့အကြား လေးနှစ်ကြာသဘောထားကွဲလွဲမှုများကို အဆုံးသတ်မည့် နှစ်ဖက်ညီညွတ်ရေးသဘောတူစာချုပ်ကို ပါလက်စတိုင်းဒေသမှ အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုများ အပါအဝင် အဖွဲ့ငယ် ၁၅ ဖွဲ့တို့က လက်ခံခဲ့ကြကြောင်း ထိပ်တန်းပါလက်စတိုင်း စေ့စပ်ညှိနှိုင်းရေးမှူးတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။**

ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်သော ဟားမားစ်အုပ်စုနှင့် အနောက်ဘက်ကမ်းဒေသမှ ဖတာလှုပ်ရှားမှုအဖွဲ့တို့အကြား ပြီးခဲ့သည့်ရက်သတ္တပတ်က ရရှိခဲ့သော သဘောတူညီချက်များအရ လာမည့်နှစ်ရွေးကောက်ပွဲမတိုင်မီ ညီညွတ်သောအိမ်စောင့်အစိုးရအဖွဲ့ကို ဖွဲ့စည်းရမည်ဖြစ်သည်။

ဟားမားစ်အုပ်စုနှင့် ဖတာလှုပ်ရှားမှုအဖွဲ့တို့သည် နှစ်ဖက်ညီညွတ်ရေး သဘောတူစာချုပ်ကို အီဂျစ်နိုင်ငံကိုင်ရိုမြို့၌ မေ ၄ ရက်တွင် လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

ဟားမားစ်နှင့် ဖတာလှုပ်ရှားမှုအဖွဲ့တို့အကြား သဘောထားတင်းမာမှုများသည် ၂၀၀၇ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သည်။ ထိုစဉ်က ဟားမားစ်အဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်လိုက်ပြီး ဖတာအဖွဲ့ကို ယင်းဒေသမှ ဖယ်ထုတ်ခဲ့ရာ ပါလက်စတိုင်းဒေသ၌ စင်ပြိုင်အစိုးရအဖွဲ့နှစ်ဖွဲ့ ပေါ်ပေါက်ခဲ့ရသည်။ **အေပီ။**



## ၂၀၁၀ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ သတင်းစာဆရာ ၁၀၂ ဦး သေဆုံးခဲ့

ဗီယင်နာ မေ ၃

ကမ္ဘာတစ်ဝန်း၌ ၂၀၁၀ ခုနှစ်အတွင်း သတင်းစာဆရာ ၁၀၂ ဦးသေဆုံးခဲ့ပြီး ၂၀၀၉ ခုနှစ်၌ သေဆုံးခဲ့သော သတင်းစာဆရာ အရေအတွက်ထက် ရှစ်ဦးပိုမိုလျော့ကျခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ သတင်းစာအင်စတီကျုက မေ ၂ ရက်က ထုတ်ပြန်သော နှစ်စဉ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

သတင်းထောက် ၄၀ သေဆုံးခဲ့သော အာရှတိုက်သည် ကမ္ဘာပေါ်၌ သတင်းစာဆရာများအတွက် အန္တရာယ်အရှိဆုံး ဒေသအဖြစ်ရပ်တည်နေပြီး ၃၂ ဦးသေဆုံးခဲ့ရသော လက်တင် အမေရိကတိုက်သည် အာရှတိုက်၏နောက်တွင် ရပ်တည်နေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၁၀ ခုနှစ်အတွင်း သတင်းစာဆရာ ၁၆ ဦး သေဆုံးခဲ့ရသည့် ပါကစ္စတန်နိုင်ငံသည် သတင်းသမားများအတွက် အန္တရာယ်အကြီးမားဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။

မက္ကဆီကို နိုင်ငံနှင့် ဟွန်ဒူးရပ်နိုင်ငံများ၌ သတင်းစာဆရာ ၂၂ ဦးသေဆုံးခဲ့ရပြီး ကမ္ဘာတစ်ဝန်း သေဆုံးခဲ့ရသော သတင်းစာဆရာအရေအတွက်၏ လေးပုံတစ်ပုံနီးပါးမျှ ရှိခဲ့သည်။

အာဖရိကတိုက် ဆာဟာရဒေသတွင်းနိုင်ငံများ၌ ပြီးခဲ့သည့်နှစ်က သတင်းစာဆရာ ၁၅ ဦး သေဆုံးခဲ့ရပြီး အီရတ်နိုင်ငံ အပါအဝင် အရှေ့အလယ်ပိုင်းဒေသ၌ ရှစ်ဦးသေဆုံးခဲ့ရကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာအခြေစိုက် နိုင်ငံတကာသတင်းစာ အင်စတီကျု၏ နှစ်စဉ်ကမ္ဘာ့သတင်းလွတ်လပ်ခွင့် အစီရင်ခံစာ၌ ဖော်ပြသည်။

ယင်းအပြင် ဥရောပတိုက် နိုင်ငံများတွင်လည်း သတင်းစာဆရာ ခုနစ်ဦး သေဆုံးခဲ့ရကြောင်း ၁၉၉၇ ခုနှစ်မှစတင်၍ ကမ္ဘာတစ်ဝန်း သတင်းစာဆရာများ အသေအပျောက်ကို စာရင်းကောက်ယူခဲ့သော နိုင်ငံတကာသတင်းစာ အင်စတီကျု (အိုင်ပီအိုင်) က ပြောကြားသည်။

ခြုံ၍သုံးသပ်ပါက ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ သတင်းစာဆရာ ၇၈၈ ဦး သေဆုံးခဲ့ရပြီး အီရတ်နိုင်ငံက ၁၇၇ ဦးဖြင့် သတင်းစာဆရာအများဆုံး သေဆုံးခဲ့ရသည့် နိုင်ငံအဖြစ် ရပ်တည်နေကြောင်း အိုင်ပီအိုင်၏ အစီရင်ခံစာ၌ ဖော်ပြသည်။

**အင်တာနက်။**

## ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံ ဓာတ်ပေါင်းဖိုအဆောက်အအုံအတွင်းသို့ ဝင်ရောက်ရန် ဂျပန်စီစဉ်နေ

တိုကျို မေ ၃

**မေ ၁၁ ရက် ငလျင်နှင့် ဆူနာမီဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဖူကူရှီးမားဒိုင်အိချီ နျူကလီးယားဓာတ်အားပေးစက်ရုံ၏ အမှတ်(၁)ဓာတ်ပေါင်းဖိုအတွင်းသို့ အလုပ်သမားများကို စေလွှတ်နိုင်ရန် ဂျပန်အင်ဂျင်နီယာများက မေ ၃ ရက်တွင် ပြင်ဆင်မှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။**

အမှတ်(၁)ဓာတ်ပေါင်းဖိုအဆောက်အအုံအတွင်း လေထုသန့်ရှင်းမှုပြုလုပ်ရန်အတွက် လေဝင်လေထွက်စနစ်များ စတင်တပ်ဆင်နေပြီဖြစ်ကြောင်း ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖိုကို စီမံခန့်ခွဲသော တိုကျိုလျှပ်စစ်စွမ်းအား ကုမ္ပဏီက ပြောကြားသည်။

ဓာတ်ပေါင်းဖို အဆောက်အအုံအတွင်းရှိ လေထုကို သန့်စင်ပြီးပါက ဖူကူရှီးမားဒိုင်အိချီ နျူကလီးယားစက်ရုံတစ်ခုလုံးအတွက် အအေးပေးစနစ်ပြန်လည်လည်ပတ်နိုင်ရန် ကြိုးပမ်းသည့်အနေဖြင့် အလုပ်သမားများကို ယင်းဓာတ်ပေါင်းဖိုအဆောက်အအုံအတွင်း စေလွှတ်ရန် တိုကျိုလျှပ်စစ်စွမ်းအား ကုမ္ပဏီက စီစဉ်ထားသည်။



အလုပ်သမားများ ဝင်ရောက်နိုင်ရန် တံခါးဖွင့်ချိန်၌ ဓာတ်ပေါင်းဖိုအဆောက်အအုံအတွင်းရှိ ရေဒီယိုသတ္တိကြွ ဓာတ်ပစ္စည်းများ ပြင်ပသို့ ပျံ့နှံ့ထွက်ပေါ်မှုမရှိစေရန် ကာကွယ်ရေးပစ္စည်းကိရိယာများအား စတင်တပ်ဆင်နေပြီဖြစ်ကြောင်း ယင်းကုမ္ပဏီက ပြောကြားခဲ့သည်။

ဆူနာမီရေလှိုင်းနှင့် ငလျင်ဒဏ်ကြောင့် ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံ၏ ဓာတ်ပေါင်းဖိုခြောက်လုံးအနက် လေးလုံးမှာ အကြီးအကျယ်ပျက်စီးခဲ့ရပြီး ပြင်ပပတ်ဝန်းကျင်သို့ ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်များ ပျံ့နှံ့ပေါ်ထွက်ခဲ့ရသည်။

ဖူကူရှီးမားနျူကလီးယား ကပ်ဘေးသည် ၁၉၈၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ယူကရိန်းနိုင်ငံ ချာနိုဘိုင်းလ် နျူကလီးယားဓာတ်အားပေးစက်ရုံ ပေါက်ကွဲခဲ့ပြီးနောက်ပိုင်း ကမ္ဘာ့အဆိုးရွားဆုံး နျူကလီးယားကပ်ဘေးဖြစ်သည်။ **အေပီ။**

## အာဖဂန်စစ်ပွဲထောက်ပံ့ရေးလမ်းကြောင်းအတွက် ဝေဟင်ပိုင်နက်အသုံးပြုခွင့် ကာဇက်စတန်နှင့် အမေရိကန်ပြည်ထောင်စုအကြား သဘောတူညီ

အယ်လ်မာတီ မေ ၃

**အာဖဂန်နစ္စတန်နိုင်ငံ၌ ပြုလုပ်နေသော စစ်ဆင်ရေးများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် တပ်ဖွဲ့ဝင်များပို့ဆောင်ပေးရန် ကာဇက်စတန်ဝေဟင်ပိုင်နက်ကို အသုံးပြုခွင့်ပေးရေးအတွက် အမေရိကန်ပြည်ထောင်စုနှင့် ကာဇက်စတန်နိုင်ငံတို့အကြား သဘောတူညီမှုရခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။**

ဝေဟင်ပိုင်နက် အသုံးပြုခွင့်ဆိုင်ရာသဘောတူညီချက်သည် အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အထောက်အကူပြုမည်ဖြစ်ကြောင်း ကာဇက်စတန်သမ္မတ၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် အင်္ဂါနေ့က ဖော်ပြထားသည်။

အမေရိကန်နိုင်ငံသည် အာဖဂန်စစ်မြေပြင်၌ လုပ်ဆောင်နေသော စစ်ဆင်ရေးများအတွက် ယခင်ကတည်းက ကာဇက်စတန်ဝေဟင်ပိုင်နက်ကို အသုံးပြုခဲ့သော်လည်း တရားဝင်သဘောတူညီချက်အရမဟုတ်ဘဲ နားလည်မှုဖြင့် အသုံးပြုခဲ့ခြင်း ဖြစ်သည်။

၂၀၀၁ ခုနှစ်မှစတင်၍ ကာဇက်စတန်လေကြောင်းပိုင်နက်ကို ဖြတ်သန်းကာ အာဖဂန်စစ်မြေပြင်သို့ တပ်ဖွဲ့ဝင်နှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ခဲ့သည့် အမေရိကန်စစ်ဘက်၏လေကြောင်းခရီးစဉ်ပေါင်း ၁၀၀၀၀ ဝန်းကျင်ထိရှိခဲ့ကြောင်း ကာဇက်စတန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အာဖဂန်စစ်မြေပြင်အတွက် အဓိကထောက်ပို့လမ်းကြောင်းအဖြစ် အသုံးပြုနေသော ပါကစ္စတန်နိုင်ငံ နယ်စပ်လမ်းကြောင်းများ၌ လုံခြုံရေးအခြေအနေမှာ တဖြည်းဖြည်းယိုယွင်းလျက်ရှိရာ အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များသည် ရုရှားနိုင်ငံနှင့် ဥဇဘတ်ကစ္စတန်နိုင်ငံတို့ကို ဖြတ်သန်းရသော မြောက်ပိုင်းမြေပြင်နှင့် ဝေဟင်ထောက်ပံ့ရေးလမ်းကြောင်းများကို ပိုမိုမှီခိုလာရသည်။ **အေပီ။**

## မြန်နှုန်းမြင့်ကွန်ပျူတာ အိန္ဒိယအာကာသအေဂျင်စီတည်ဆောက်

နယူးဒေလီ မေ ၃

အိန္ဒိယအာကာသသုတေသနဌာန (ISRO)က ယနေ့ကြေညာချက်တစ်ရပ်ထုတ်ပြန်ရာတွင် ယင်းတို့အနေဖြင့် အိန္ဒိယနိုင်ငံ၏ မြန်နှုန်းအမြင့်ဆုံး ကွန်ပျူတာတစ်လုံးကို တည်ဆောက်နိုင်ခဲ့သည်ဟု ဖော်ပြထားသည်။ ယင်းကွန်ပျူတာသည် တစ်စက္ကန့်လျှင် တွက်ချက်မှုပေါင်း ထရီလီယံ ၂၂၀ အထိ လုပ်ဆောင်နိုင်စွမ်းရှိသည်ဟုလည်း သိရသည်။

ယင်းကွန်ပျူတာသည် အာကာသသိပ္ပံပညာရှင်များအတွက် နက်နဲရှုပ်ထွေးလှသော အာကာသဆိုင်ရာပြဿနာများကို ဖြေရှင်းရာတွင် ကောင်းစွာအသုံးဝင်လိမ့်မည်ဖြစ်သည်ဟု ISRO ၏ ကြေညာချက်တွင်ဖော်ပြထားသည်။



ကွန်ပျူတာဒီဇိုင်းပုံစံရေးဆွဲမှုနှင့် တည်ဆောက်ရေးလုပ်ငန်း အဝဝကို အိန္ဒိယနိုင်ငံတောင်ပိုင်း ကေရာလာပြည်နယ်မြို့တော် သီရုဝနန်သပူရမ်မြို့ရှိ ဗစ်ကရမ်ဆာရာဗိုင်း အာကာသစခန်းတွင် ပြုလုပ်ခဲ့ပြီး စုစုပေါင်းကုန်ကျငွေ ရူပီး သန်း ၁၄၀ (အမေရိကန်ဒေါ်လာ သုံးသန်း) ဖြစ်သည်ဟု သတင်းတွင် ဖော်ပြထားသည်။

**အမ်အင်အေ၊ ဆင်ဟွာ။**



မေ ၃ ရက်က ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည့် Europe Day အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ဗန်ကောက်မြို့အခြေစိုက် The Delegation of the European Union ရုံးမှ H.E. Mr. David Lipman (သံအမတ်ကြီး/ The Head of Delegation) ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

❑ကြွပ်ကြွပ်အိတ်မှ

ရောင်းချသူများအား အကြောင်းကြားထားပြီးဖြစ်သည်။

### လှည့်လည်စစ်ဆေး

ကြွပ်ကြွပ်အိတ်နှင့် ကြွပ်ကြွပ်ကြိုး ထုတ်လုပ်၊ ရောင်းချသူများအနေဖြင့် ယင်းညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ သက်ဆိုင်ရာ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးများက မိမိတို့မြို့နယ်အတွင်း လှည့်လည်စစ်ဆေး ဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် ဆွေးမြည့်မှု မြန်ဆန်ပြီး ပြန်လည်အသုံးပြု (Recycle)၍ရသော ပလတ်စတစ်အိတ်ပျော့များ ထုတ်လုပ်မှုကိုမူ ခွင့်ပြုကြောင်း သက်ဆိုင်ရာမှ သိရှိရသည်။

(သတင်းစဉ်)

# ဖလမ်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ချင်းပြည်နယ်ဝန်ကြီးချုပ် စစ်ဆေး

**နေပြည်တော် မေ ၃**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော လူနာများအား တွေ့ဆုံ၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ လက်ဖက်စိုက်ခင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် ဖလမ်းမြို့နယ်စည်ပင်သာယာဈေးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းဆွေးနွေး

ယင်းနောက် ဖလမ်းမြို့နယ် ခန်းမ၌ မြို့မိ မြို့ဖများ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်၏ မူဝါဒနှင့်လုပ်ငန်းစဉ်များ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

ထို့နောက် ရန်ကလောင်ဌာနဆိုင်ရာ လက်ဖက်စိုက်ခင်းနှင့် ရမ်ထလို အခြေခံပညာအထက်တန်းကျောင်းခွဲ၏ လက်ဖက်စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့**

**နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ**

# ပြန်ပေးဆွဲခံရသော စင်ကာပူသင်္ဘောမှ သင်္ဘောသားများလွှတ်မြောက်ရေးကြိုးပမ်းနေ

**ဂျကာတာ မေ ၃**

အမ်တီဂျမ်မီနီအမည်ရှိ စင်ကာပူသင်္ဘောပေါ်ရှိ အင်ဒိုနီးရှားလူမျိုး သင်္ဘောသား ၁၃ဦးခန့်ကို ဆိုမာလီပင်လယ်ဓားပြများက ဓားစာခံအဖြစ်ဖမ်းဆီးထားကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၃ရက်တွင် ပြောကြားသည်။

အဆိုပါ စင်ကာပူသင်္ဘောသည် ကင်ညာနိုင်ငံသို့ဦးတည်မောင်းနှင်နေချိန်အတွင်း ဆိုမာလီပင်လယ်ရေပြင်၌ ဧပြီ ၃၀ရက်က ပြန်ပေးဆွဲခံခဲ့ရကြောင်း၊ သင်္ဘောသားများ ပြန်လည်လွတ်မြောက်ရေးအတွက်စင်ကာပူအာဏာပိုင်များနှင့်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မိုက်ကယ်တင်းက ပြောကြားသည်။

ပြန်ပေးဆွဲခံထားရသော သင်္ဘောမှာ ဂလိုရီစင်ကာပူအမည်ရှိ စင်ကာပူကုမ္ပဏီက ပိုင်ဆိုင်သော သင်္ဘောဖြစ်သည်။

စင်ကာပူသင်္ဘောသည် စားအုန်းဆီတန်ချိန် ၂၈၀၀၀ကို တင်ဆောင်လျက် အင်ဒိုနီးရှားနိုင်ငံမှ စတင်ထွက်ခွာခဲ့ကြောင်း ဂလိုရီစင်ကာပူကုမ္ပဏီ၏ သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါသင်္ဘောပေါ်၌ အင်ဒိုနီးရှားလူမျိုး သင်္ဘောသားများအပြင် တရုတ်သင်္ဘောသား ငါးဦး၊ တောင်ကိုရီးယား သင်္ဘောသား လေးဦးနှင့် မြန်မာသင်္ဘောသားသုံးဦးလည်းပါရှိကြောင်း သတင်းတွင်ဖော်ပြသည်။

**အင်တာနက်။**

# ရုရှားအရှေ့ဖျားဒေသရှိ မီးတောင် လေထုအတွင်းသို့ ပြာမှုန်များ မှုတ်ထုတ်

**မော်စကို မေ ၃**

ရုရှားနိုင်ငံ အရှေ့ဖျားဒေသ ကမ်ချတ်ကာကျွန်းဆွယ်ရှိ ရှီဗီလတ်ချ်မီးတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၆၀၀၀ အမြင့်အထိ ပြာမှုန်များကို မှုတ်ထုတ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၃ရက်တွင် သတင်းထုတ်ပြန်သည်။

မေ ၃ ရက် ဒေသစံတော်ချိန် နံနက် ၄နာရီခွဲတွင် မီးတောင်ဆိုင်ရာ မြေငလျင်လှုပ်ရှားမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ဒေသစံတော်ချိန် နံနက် ၆ နာရီမှ ၈ နာရီအတွင်း ပြာမှုန်များ မှုတ်ထုတ်မှု အများဆုံးဖြစ်ပြီး နောက်ပိုင်းတွင် တစစ အားပျော့သွားခဲ့ကြောင်း ရုရှားအာရ်အိုင်အေနိုဗိုစတီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

မီးတောင်မှ ပြာမှုန်များကို မှုတ်ထုတ်ခဲ့သော်လည်း ဒေသခံ ပြည်သူများအား ဘေးအန္တရာယ်ဖြစ်ပေါ်စေခြင်း မရှိကြောင်း၊ ဒေသအတွင်း၌ မြို့ပြလေကြောင်းဌာနက "လိမ္မော်ရောင်"အဆင့် သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ထိုစဉ်အတွင်း ကမ်ချတ်ကာကျွန်းဆွယ်ရှိ ကီဇီမန်း မီးတောင်မှာလည်း လှုပ်ရှားလာနေပြီး ပြာမှုန်များကို လေထုအတွင်း မီတာ ၇၀၀၀ အမြင့်အထိ မှုတ်ထုတ်ခဲ့သည်။

**အင်တာနက်။**



ရုရှားနိုင်ငံ အရှေ့ဖျားဒေသရှိ ရှီဗီလတ်ချ်မီးတောင်ကို တွေ့ရစဉ်။

# နယူးဇီလန်နိုင်ငံ အုတ်ကလန်မြို့တွင် လေဆင်နှာမောင်းတိုက်

**အုတ်ကလန် မေ ၃**

နယူးဇီလန်နိုင်ငံရှိ အကြီးဆုံးမြို့ကြီးဖြစ်သော အုတ်ကလန်မြို့တွင် မေ ၃ ရက်က လေဆင်နှာမောင်း တိုက်ခတ်ရာ လူတစ်ဦး သေဆုံးကြောင်း သတင်းတွင် ဖော်ပြသည်။

### ထုတ်လွှင့်ပြသ

အုတ်ကလန်မြို့တွင် လေဆင်နှာမောင်း တိုက်ခတ်ခံရ၍ ပျက်စီးနေသောမြင်ကွင်းကို ရုပ်မြင်သံကြားလိုင်းက ထုတ်လွှင့်ပြသသည်။

### လူတစ်ဦးသေဆုံး

မုန်တိုင်းကြောင့် လူတစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိသည်ဟု အတည်မပြုရသေးသော သတင်းအရ သိရကြောင်း ရဲတပ်ဖွဲ့စုံစမ်းစစ်ဆေးရေးမှူး ဘယ်ရီစပယ်လီက ဆိုသည်။

အုတ်ကလန်မြို့၏ ဆင်ခြေဖုံးဒေသ အယ်လ်ဘာနီတွင် မေ ၃ ရက် နေ့လယ်ပိုင်းက လေဆင်နှာမောင်းမုန်တိုင်းတိုက်ခတ်ခြင်းဖြစ်သည်။ ယင်းမုန်တိုင်းဒဏ်ကြောင့် ကားများတိမ်းမှောက်ခဲ့ရပြီး အဆောက်အအုံများ၏ ခေါင်မိုးများလန်ကုန်ကြောင်း၊ ဘယ်လ်ဘာနီဒေသရှိ ဂါစင်တာကုန်တိုက်ကြီး၏ အမိုးပြိုကျခဲ့ကြောင်း သတင်းတွင်ပါရှိသည်။

နယူးဇီလန်နိုင်ငံတွင် လေဆင်နှာမောင်းများ တိုက်ခတ်လေ့ရှိသည်။ အထူးသဖြင့် မြောက်ကျွန်းရှိ အုတ်ကလန်မြို့တွင် တစ်နှစ်လျှင် တစ်ကြိမ်မှ နှစ်ကြိမ်အထိ တိုက်ခတ်လေ့ရှိသည်ဟု နယူးဇီလန်နိုင်ငံ အရပ်ဘက်ကာကွယ်ရေးနှင့် အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက ပြောကြားသည်။

**အမ်အင်အေဆင်ဟွာ။**



နယူးဇီလန်နိုင်ငံ အုတ်ကလန်မြို့ ဆင်ခြေဖုံး၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် မော်တော်ယာဉ်တစ်စီးပေါ်သို့ သစ်ပင်တစ်ပင်လဲပြိုနေသည်ကို တွေ့ရစဉ်။



# နိုင်ငံတကာ မူးယစ်မှောင်ခိုများကို ပနားမားရဲတပ်ဖွဲ့ ဖမ်းဆီး

ပနားမားစီးတီး မေ ၃

**ပနားမားနိုင်ငံတွင် မူးယစ်ဆေးဝါးနှိမ်နင်းရေး စုံထောက်များက နိုင်ငံတကာမူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းဝင်များကို မေ ၂ ရက်က ဖမ်းဆီးရမိကြောင်း မေ ၃ ရက် သတင်းတွင် ဖော်ပြသည်။**

ပနားမားရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေး စုံထောက်များသည် ရှေ့နေချုပ်ရုံးလက်အောက်ရှိ မူးယစ်ဆေးဝါးဆိုင်ရာမှုခင်းတိုက်ဖျက်ရေးဌာနမှ တာဝန်ရှိသူများနှင့် အတူ စစ်ဆင်ရေးတစ်ရပ်ပြုလုပ်ခဲ့ပြီး ၎င်းမူးယစ်ဆေးဝါးမှောင်ခိုများကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိသော နိုင်ငံတကာ မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းဝင်များမှာ ကိုလံဘီယာနိုင်ငံသားနှစ်ဦး၊ ကော့စတာရီတာနိုင်ငံသားတစ်ဦးနှင့် ပနားမားနိုင်ငံသားတစ်ဦးတို့ဖြစ်သည်။ ၎င်းတို့သည် ပနားမားစီးတီးတွင် ကိုကင်း ၂၂ ကီလိုခန့်ကို သယ်ဆောင်နေစဉ် ဖမ်းဆီးခံရခြင်းဖြစ်သည်။

ကိုကင်းများကို ကားတစ်စီး၏ ထိုင်ခုံများအောက်တွင် ဝှက်၍ သယ်ဆောင်လာခဲ့သည်။ ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါးဂိုဏ်းက အသုံးပြုနေသော ကားနှစ်စီးနှင့် အမေရိကန်ဒေါ်လာ ၄၂၀၀ ကိုလည်း သိမ်းဆည်းရမိသည်ဟု သတင်းတွင်ပါရှိသည်။

ပနားမားနိုင်ငံသည် နိုင်ငံတကာမူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်နေသော တောင်အမေရိကတိုက်မှ မူးယစ်ဆေးဝါးများကို အမေရိကန်ပြည်ထောင်စုသို့ ပို့ဆောင်ရာတွင် ကြားခံအနေဖြင့် အသုံးချခြင်းခံနေရသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

**အမ်အင်အေဆင်ဟွာ။**



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lt.General, Syafrie Syamsoeddin ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား အင်ဒိုနီးရှားဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၃**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lt.General, Syafrie Syamsoeddin ခေါင်းဆောင်သောအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား Myanmar CNMC Nickel Co.,Ltd. ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၃**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား Myanmar CNMC Nickel Co.,Ltd. ဒုတိယဥက္ကဋ္ဌ Mr.Wang Xiaowei ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး Nickel ဓာတ်သတ္တုကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုဆိုင်ရာကိစ္စများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## လာရောက်တွေ့ဆုံ

**သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား Myanmar CNMC Nickel Co.,Ltd. ဒုတိယဥက္ကဋ္ဌ Mr.Wang Xiaowei ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

## ၄-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "တေဝိဇ္ဇသုတ်" တရားတော် (ဆရာတော်ဦးဃောသိတ) |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၉၃)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၅၁)** |
| ၈း၄၅ | Legendary Journey Live at Singapore (Part-2) |
| ၉း၄၀ | အားကစားမြင်ကွင်းစုံ |
| ၁၀း၁၀ | ပညာအလင်းမြတ်ဆီမီးတို့ ထွန်းလင်းဝေဖြာတောင်ပို့သာ |
| ၁၀း၃၀ | ကျေးလက်ပြည်သူသွားကျန်းမာရေး ကွင်းဆင်းကုသဆောင်ရွက်ပေး |
| ၁၀း၄၅ | ဓာတ်ပုံထဲမှအမှတ်တရများ (ဩရသ) |
| ၁၁း၁၀ | Industrial Talk [ဦးကျော်ထူးအောင်၊ ဒေါက်တာတင်အောင်ရွှေ(သုတေသီ)] |
| ၁၁း၄၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၁၂း၁၅ | Activities In The City [ အမက(၅)သာကေတ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ] |
| ၁၂း၃၀ | စားချင်စဖွယ်နည်းအသွယ်သွယ် (ပုစွန်ချဉ်စပ်ကော်ရည်နှင့် ဝက်သားနာနတ်သီးချက်) |
| ၁း၀၀ | "တေဝိဇ္ဇသုတ်" တရားတော် (ဆရာတော်ဦးဃောသိတ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | စကားနပန်း (ယုံကြည်တာကောင်းတယ်၊ မယုံကြည်တာကောင်းတယ်) |
| ၃း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၉၃)** |
| ၄း၁၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၁)** |
| ၅း၀၅ | Activities In The City (ဝေ့ဌာနီမြန်မာပြည်ကိုယ်စားလှယ်ရုံးဖွင့်ပွဲအခမ်းအနား) |
| ၅း၁၅ | နိဗ္ဗဒ္ဓပန်းတို့လန်းရာ. . . သုံးခွမြေ |
| ၅း၃၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၉၄)** |
| ၇း၀၅ | Legendary Journey Live at Singapore (Part-3) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | အမေများအတွက် အကြိုလူပ်ရှားမှုပုံရိပ်များ |
| ၈း၄၅ | Cartoon Show Time (The Dolphin Story of a dreamer) |
| ၉း၂၀ | Celebrity Style (ဝါဆိုမိုးဦး) |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၅၂)** |
| ၁၀း၂၀ | သင်ကြားရေးလမ်းညွှန် (LCCI ဦးအောင်နိုင်စာရင်းကိုင်သင်တန်း) |
| ၁၀း၃၅ | မူဟန်ကိုယ်စီတေးကိုသီ |
| ၁၀း၅၀ | နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ-မေစံပယ်ညို) |
| ၁၁း၁၀ | မိခင်နို့စနစ်တကျတိုက်ကျွေးနည်းနှင့်ဖြည့်စွက်စာကျွေးနည်း သိကောင်းစရာများ (ဒေါက်တာသိန်းသိန်းမြင့်) |
| ၁၁း၂၀ | World of Knowledge (World's Toughest Fixes; Giant Antenna) |
| ၁၂း၁၀ | လုံလုံလုံ (ဖိုးညက်၊ မေကဗျာ၊ ဖြိုးသီရိခေတ်) (ဒါရိုက်တာ-မလိခစိုးထိုက်အောင်) |
| ၁၂း၁၅ | သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပေါင်းပင်" |
| ၁၂း၂၀ | လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (ဖိုးချစ်) (အပိုင်း-၂) |
| ၁၂း၅၅ | အရိုးကိုအရွက်မဖုံးစေရာ မြန်မာ့လက်မှုရှေးဆိုင်းပညာ |
| ၁း၀၀ | ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဥမ္မာကျော်နှင့်တွေ့ဆုံခြင်း) |
| ၁း၃၀ | သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော် |
| ၁း၄၀ | Shooting Location (ခင်ယုမေအိမ်) |
| ၂း၀၀ | ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း |
| ၂း၁၀ | နူယဉ်ဆန်းထွင်ပန်းအလှဆင် ("S"ပုံသဏ္ဌာန်ပန်းအိုးထိုးနည်း) |
| ၂း၅၀ | လှပဆန်းကြယ်မြန်မာ့ရွှေချည်ထည် |
| ၃း၀၀ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၄း၀၀ | သဘာဝအစားအစာများ "ရှားစောင်းလက်ပပ်ယိုနှင့်ဖျော်ရည်" |
| ၄း၂၅ | ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော် |
| ၄း၅၀ | ဖူးမြော်ပူဇော် မြသလွန်စေတီတော် |
| ၅း၀၀ | အစီအစဉ်ပြီး။ |

# အသားအရေထိန်းသိမ်းမှု နည်းလမ်းသစ် ဟောပြောပွဲကျင်းပ

**ရန်ကုန် မေ ၃**

အသားအရေ နုပျိုစေသော အလိုဒိုက်စ် စတင်ဖြန့်ချိခြင်းအခမ်းအနားကို မေ ၁ ရက် ညနေက Strand Hotel ၌ ကျင်းပရာ အခမ်းအနားတွင် ပါမောက္ခ ဒေါက်တာစောနိုင်က သဘာပတိအဖြစ် ဆောင်ရွက်သည်။ ကျန်းမာရေးနှင့် လူမှုနေထိုင်ရေး စာရေးဆရာများဖြစ်သည့် နန်းအိအိဇာ၊ ဒေါက်တာကျော်ကျော် (အရေပြား)နှင့် ပါမောက္ခ ခင်မောင်ဝင်း (အသည်း)တို့က Collagen နှင့် "ထာဝစဉ်နုပျိုရေး" နည်းလမ်းများကို တက်ရောက်လာသည့် ပရိသတ်များအား ဟောပြောကြသည်။

အလိုဒိုက်စ်(Alodise)ကို အသားအရေတင်းရင်းချောမွေ့စေသော Collagen နှင့် စိုပြည်ဝင်းပစေသော Aloe Vera တို့ဖြင့် နုနယ်ပျိုမျစ်စေသည့် အလှကုန်ဆေးပစ္စည်းသစ်အဖြစ် အထူးပေါင်းစပ်ဖော်ထုတ်ထားပြီး ကိုရီးယားနိုင်ငံတွင် ထုတ်လုပ်ကာ မြန်မာနိုင်ငံ၌ Zizawa Healthcare အမှတ်(၂၁၈) ဗိုလ်ချုပ်အောင်ဆန်းလမ်း ရန်ကုန်မြို့မှ ဖြန့်ချိ၍ ဖုန်း-၀၁-၂၄၆၆၄၅၊ ၀၁-၃၈၅၂၅၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ သတ္တမအကြိမ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ သတ္တမအကြိမ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မေ ၈ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ယင်းအစည်းအဝေးသို့ အသင်းဝင်များအားလုံး ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်းနှင့် စာရင်းစစ်ပညာရပ်ဆိုင်ရာဟောပြောပွဲ ပါရှိမည်ဖြစ်ရာ တက်ရောက်သူ အသင်းဝင်များအတွက် CPE နာရီ ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ယနေ့ ဖတ်စရာ

# မီးဘေးအန္တရာယ်နှင့် သတိထားရမည့် လျှပ်စစ်အန္တရာယ်

*ပူပြင်းခြောက်သွေ့သော နွေရာသီ၊ အပူရှိန်မြင့်သောအချိန်ကာလတွင် မီးဘေးအန္တရာယ်ကို အထူးသတိပြု၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းကာကွယ်ကြရမည်ဖြစ်သည်။*

*"လူခိုးတော့ အစုတ်ကျန်၊ မီးခိုးတော့ အပြုတ်နှံ့"ဆိုသလို မီးဘေးအန္တရာယ်သည် မိသားစုတစ်စုတည်းကိုသာမက ရပ်ကွက်လုံး၊ တစ်မြို့လုံး ပြုတ်ပြုတ်ပြန်းအောင် ဒုက္ခပေးတတ်ပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို အရှိန်အဟုန်မြင့် တည်ဆောက်နေချိန်ဝယ် မီးလောင်ဆုံးရှုံးမှုများပြားပါက နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအဟန့်အတားဖြစ်စေပေသည်။ သဘာဝဘေးအန္တရာယ်များကို ကြိုတင်မကာကွယ်နိုင်သော်လည်း မီးဘေးအန္တရာယ်ကိုမူ ကြိုတင်ကာကွယ်နိုင်ပါသည်။ သို့ကြောင့်လည်း ရုံးများ၊ ဈေးများ၊ ရပ်ကွက်များ၊ အရေးကြီးသော နေရာများတွင် မီးသတ်ဦးစီးဌာနများနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ပညာပေးခြင်း၊ သရုပ်ပြမီးသတ်ပြသခြင်း၊ နှိုးဆော်သတိပေးခြင်းတို့ကို နေ့စဉ်နှင့်အမျှ တွေ့မြင်ကြားသိနေရပါသည်။*

*ယင်းသို့သတိပေးနှိုးဆော်နေသည့်တိုင် မီးလောင်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ ယခုနှစ် မတ်လ၌ နိုင်ငံတစ်ဝန်းတွင် မီးဖိုမီး၊ ပေါ့ဆမီး ၁၀၇ ကြိမ်၊ အလိုအလျောက်လောင်သောမီး ကိုးကြိမ်၊ လျှပ်စစ်မီး ငါးကြိမ်၊ မသမာသူရှို့မီး ကိုးကြိမ်နှင့် တောမီး ရှစ်ကြိမ် စုစုပေါင်း ၁၃၈ ကြိမ် မီးလောင်မှုဖြစ်ပွားသဖြင့် အိမ်ခြေအဆောက်အအုံ ၇၆၇ လုံးနှင့် ဂိုဒေါင်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးဒုက္ခသည် ၃၆၄၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူ ခုနစ်ဦးသေ၊ ငါးဦး ဒဏ်ရာရရှိကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ၌ ဆုံးရှုံးမှုတန်ဖိုးများပြားသော မန္တလေးမြို့ ရတနာပုံဈေးကြီးမီးလောင်မှု၊ ရန်ကုန်မြို့ မင်္ဂလာဈေးကြီးမီးလောင်မှုတို့မှာ ကြောက်မက်ဖွယ်ကောင်းသလို သင်ခန်းစာရယူကြရမည်ဖြစ်သည်။*

*မီးလောင်မှုများနှင့် ဆက်နွှယ်ဆက်စပ်နေသည့် လျှပ်စစ်ဓာတ်အားသည် လူတို့၏ စားရေး၊ ဝတ်ရေး၊ နေရေး၊ ချက်ပြုတ်လျှော်ဖွပ်ရေး၊ ဖျော်ဖြေရေး၊ အလင်းရောင်ရရှိရေး၊ ရာသီဥတုအပူအအေးဒဏ်မှ ကာကွယ်ရေး၊ ကုန်ပစ္စည်းထုတ်လုပ်ရေးတို့အတွက် မရှိမဖြစ်လိုအပ်ပြီး ခလုတ်တစ်ချက်နှိပ်ရုံဖြင့် လျှပ်စစ်ဓာတ်အားကို လွယ်လင့်တကူအသုံးချနိုင်သည်။ သို့သော် ခလုတ်တစ်ချက်မပိတ်မိ၍ အပူလွန်ကဲကာ မီးလောင်ဆုံးရှုံးကြရသည်ကိုလည်း သိရှိကြပြီးဖြစ်သည်။*

*ဈေးများ၊ ရုံးများ၊ အလုပ်ရုံများတွင် ဈေးဖွင့်ချိန်၊ ရုံးချိန်များ၌ လျှပ်စစ်မီးဖိုဖြင့် အစားအသောက်ချက်ပြုတ်ခြင်း၊ ရေနွေးဂေါက်များ၊ ပလပ်ပါသော လျှပ်စစ်ရေနွေးအိုးများဖြင့် ရေနွေးကျိုခြင်း၊ ဈေးများရှိအင်္ကျီချုပ်ဆိုင်များ၌ ချုပ်ပြီးအထည်များ မီးပူတိုက်ခြင်းတို့ကို ပြုလုပ်ပြီးနောက် ဈေးပိတ်ချိန်၊ ရုံးပိတ်ချိန်တွင် ခလုတ်မပိတ်မိရာမှ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ တဖြည်းဖြည်း အပူရှိန်လွန်ကဲလာပြီး မီးလောင်မှုဖြစ်ပွားရသည်ကိုလည်း မကြာခဏ ကြုံတွေ့ခဲ့ရပါသည်။*

*ထို့အတူ "ဝန်အားမမျှမသုံးရ"ဟူသော သတိပေးစကားအတိုင်း နေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ ဈေးများ၊ စတိုးဆိုင်ကြီးများ၊ စားသောက်ဆိုင်ကြီးများတွင် လျှပ်စစ်ဓာတ်အားကို တပ်ဆင်ဝန်အား၊ သုံးစွဲသည့်ဝန်အား၊ အသုံးပြုထားသည့် ဝါယာကြိုးနှင့် ဆက်စပ်လျှပ်စစ်ပစ္စည်းတို့ကို အချိုးကျနစွာ တွက်ချက်သုံးစွဲရန် လိုအပ်ပါသည်။ ထိုသို့ မဟုတ်မူဘဲ သုံးစွဲသည့် ဝန်အားက ပိုနေ(ဝါ) များနေပါလျှင် အချိန်ကြာလာသည်နှင့်အမျှ ကြေးကြိုးများပူလာရာမှ ဝါယာရှော့(ခ်)ဖြစ်ကာ မီးလောင်မှုဖြစ်ပွားတတ်သည်ကို သတိထားကြရပါမည်။*

*နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီသာမက နေ့၊ ညမရွေး သတိတစ်ချက်လစ်သည်နှင့်၊ တစ်ကြိမ်တစ်ခါပေါ့ဆမိသည်နှင့် မီးလောင်တတ်သော လျှပ်စစ်ဓာတ်အားကို ပေါ့ဆစွာ အသုံးမပြုကြရန် အစဉ်သတိရှိကြရန် လိုအပ်ပါသည်။ ထို့ကြောင့် ဈေးများ၊ ရုံးများ၊ အလုပ်ရုံများ၊ စက်ရုံများတွင် လျှပ်စစ်အပါအဝင် "မီး" စစ်ဆေးရေးအဖွဲ့များဖွဲ့၍ နေ့စဉ် ဈေးပိတ်ချိန်၊ ရုံးပိတ်ချိန်၊ စက်ရုံ၊ အလုပ်ရုံပိတ်ချိန်များတွင် အလှည့်ကျ စစ်ဆေးသင့်ပေသည်။ ဖြစ်နိုင်ပါက ဈေးများတွင် လမ်းမီး၊ လုံခြုံရေးမီးများကို ဓာတ်အားလိုင်းတစ်လိုင်း သီးခြားဆွဲ၍ ညပိုင်းတွင် အသုံးပြုပါက ပို၍ လျှပ်စစ်အန္တရာယ်ကင်းမည်ဖြစ်ကြောင်း အကြံပြုလိုပါသည်။*

*ရုံးများ၌ "ရုံးဆင်း၊ ရုံးပြန် မမေ့ရန် မီးနှင့်ပန်ကာပိတ်"၊ အလုပ်ဆင်းလျှင် မီးခလုတ်များ ပိတ်ပြီးမှ တံခါးပိတ်ပါ၊ လုံခြုံရေးမီးမှအပ ကျန်မီးများ၊ မီးခလုတ်များ ပိတ်ပါ၊ အလုပ်ဆင်းလျှင် မိန်းခလုတ်ပိတ်ပါ၊ ရုံးတွင်လျှပ်စစ်မီးဖိုနှင့် ရေနွေးဂေါက်များ မသုံးရ စသည့် လျှပ်စစ်ဓာတ်အားနှင့် ပတ်သက်သည့် သတိပေးစာတန်းများ ချိတ်ဆွဲ၍ သတိပေးထားသည်ကိုလည်း အလေးအနက် လိုက်နာသင့်ပေသည်။*

*"မီးဘေးရှောင် မလောင်ခင်တား" ဟူသော ဆိုရိုးစကားအတိုင်း လျှပ်စစ်ဓာတ်အားကြောင့်သာမက မည်သည့်အကြောင်းကြောင့်မှ မီးလောင်မှု မဖြစ်ပွားစေရေး၊ အပတ်တကုတ် ကြိုးပမ်းရှာဖွေစုဆောင်းထားသော စီးပွားဥစ္စာများ၊ နိုင်ငံပိုင်၊ ပြည်သူပိုင်ပစ္စည်းများ အကြောင်းမဲ့ မဆုံးရှုံးစေရေးအတွက် ပြည်သူများအားလုံးက မီးဘေးအန္တရာယ်ကို ဝိုင်းဝန်းကာကွယ်ကြရန် လိုအပ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။*

**မောင်မောင်(လျှပ်စစ်)**

# သဘာဝအရင်းအမြစ်ဖြစ်သည့် အင်းလေးကန် တိမ်ကောပပျောက်ပျက်စီးမှုမရှိရေး ဆွေးနွေး

**နေပြည်တော် မေ ၃**

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် မေ ၂ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့ အင်းလေးကန်ဖောင်တော်ပြန်ခန်းမ၌ ကျင်းပသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အင်းလေးကန်သည် ဘိုးဘေးဘီဘင်လက်ထက်က တည်ရှိခဲ့သည့် တန်ဖိုးမဖြတ်နိုင်သော သဘာဝအရင်းအမြစ် အမွေအနှစ်ဖြစ်သဖြင့် တိမ်ကောပပျောက်ပျက်စီးမှု မရှိစေရေး၊ သားစဉ်မြေးဆက် ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများ လက်ဆင့်ကမ်းပေးနိုင်ရေးနှင့် နိုင်ငံတော်က အလေးထားဦးစားပေးဆောင်ရွက်နေပြီး သက်ဆိုင်ရာဌာန အသီးသီးကလည်း လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ရှမ်းပြည်နယ် လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းဆာလူ၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမြင့်တို့က အမှာစကား ပြောကြားကြသည်။





ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အင်းလေးကန်အတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်နေမှုနှင့် အင်းလေးကန်၏ ရေဝေရေလဲ တောင်ကြောများရှိ သဘာဝတောအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အင်းလေးကန် ရေရှည်တည်တံ့ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

**❁ ရောဂါသုံးမျိုးမှ**

ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ် တည်ရှိနေသော အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျား ရောဂါ(၃)မျိုးအား တိုက်ဖျက်ရန်အတွက် ကမ္ဘာ့ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဓိက ဦးစားပေးတိုက်ဖျက်ရမည့် ၎င်းရောဂါ(၃)မျိုးအတွက် (၅)နှစ်စာ အထောက်အပံ့ကို Global Fund to fight AIDS, TB and Malaria- GFATM ထံမှ ရရှိကြောင်း၊ ယင်းအထောက်အပံ့ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများကို CCM Principal Recipients (PRs)နှင့် အကောင်အထည်ဖော်ဆောင်မည့် Sub -recipients (SRs) များ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကိုလည်း စုပေါင်းဖြေရှင်း ဆောင်ရွက်ခြင်းဖြင့် ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ PRs Local Funding Agent နှင့် SRs များမှ ဆောင်ရွက်ထားရှိမှုများကို ယနေ့အစည်းအဝေးတွင် တင်ပြပြီး ယင်း၏ ရလဒ်များသည် ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းများ အောင်မြင်မှုအတွက် အထောက်အကူများစွာ ပြုမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစောလွင်က M-CCM အဖွဲ့ဝင် စာရင်းများကို ကြေညာပြီး အဖွဲ့ဝင်များက M-CCM အဖွဲ့ ဥက္ကဋ္ဌ နေရာကို မဲစနစ်ဖြင့် ရွေးချယ်ကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား M-CCM အဖွဲ့ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ထို့နောက် UNOPS နှင့် Save the Children အဖွဲ့များက ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund ) မှ ရန်ပုံငွေ အသုံးပြု၍ လုပ်ငန်းဆောင်ရွက်ရန် လျာထားချက်များကို ရှင်းလင်းတင်ပြကြရာ အစည်းအဝေး တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အမျိုးသားအဆင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေး စီမံချက်များ၏ လက်ရှိလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ညွှန်ကြားရေးမှူး(ရောဂါနှိမ်နင်းရေး) ဒေါက်တာဝင်းမောင်က ရှင်းလင်းတင်ပြပြီး M-CCM အဖွဲ့နှင့် အလုပ်အမှုဆောင် လုပ်ငန်းအဖွဲ့အတွင်းရေးမှူး ဒေါက်တာစောလွင်က ရောဂါကြီး(၃)မျိုး တိုက်ဖျက်ရေးအတွက် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲ၍ ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (The Global Fund Round 11 Proposal ) ကို တင်ပြရန်နှင့် M-CCM အဖွဲ့တွင် အဖွဲ့ဝင်နှစ်ဦးကို GAVI-HSS အဖွဲ့မှ ပါဝင်ရန်အတွက် ဆောင်ရွက်ရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**9th Myanmar - Country Coordinating Mechanism (M-CCM) Meeting ကို နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။**

(သတင်းစဉ်)

## မြဝတီမြို့နယ် စာပေစာနယ်ဇင်းအမှုဆောင်သစ်ရွေးချယ်

**မြဝတီ မေ ၃**

မြဝတီမြို့နယ် စာပေစာနယ်ဇင်းအဖွဲ့၏ အမှုဆောင်သစ် ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို မေ ၁ ရက်က မြို့နယ် စာပေနှင့် စာနယ်ဇင်းရုံးခန်းမ၌ ကျင်းပရာ ယခင်စာပေနှင့်စာနယ်ဇင်း အတွင်းရေးမှူး ဦးသက်ဦးက အဖွင့်အမှာစကားပြောကြားပြီး အမှုဆောင်သစ်များကို ပြန်လည်ရွေးချယ်ရာ ဥက္ကဋ္ဌ ဦးသက်ဦး၊ အတွင်းရေးမှူး ဦးအောင်နိုင်ဦး၊ ဘဏ္ဍာရေးမှူး ဦးမောင်မောင်တင်၊ အဖွဲ့ဝင် ဦးထွန်းထွန်းဦး (သတင်းထောက်)၊ ဦးတင်မောင်၊ ဦးအောင်သစ်နှင့် ဦးရွှေသိန်း(မြဝတီ)တို့အား ရွေးချယ်တင်မြှောက်လိုက်ကြသည်။

ရွေးချယ်တင်မြှောက်ခံရသော အမှုဆောင်ကော်မတီများသည် သဘာပတိ၏ ရှေ့မှောက်တွင် စာပေနှင့်စာနယ်ဇင်းဆိုင်ရာ သစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုအဓိဋ္ဌာန်ပြုကြပြီး ရှေ့လုပ်ငန်းစဉ်များအား ဆက်လက်ဆွေးနွေးကြကြောင်း သိရှိရသည်။

(၅၇၀)

## ခေတ်မီ စက်မှုနိုင်ငံတည်ဆောက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကျွန်တော့်အမြင်ဟောပြောမည်

**ရန်ကုန် မေ ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို မေ ၇ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower(ပထမထပ်)ခန်းမကြီး၌ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအေးလွင်က "ခေတ်မီစက်မှုနိုင်ငံ တည်ဆောက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကျွန်တော့်အမြင်" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ပျဉ်းမနား၌ ကျန်းမာရေး အသိပညာပေး

**နေပြည်တော် မေ ၃**

"မွေးမြူဆေးကုကောင်းကျိုးပြု၊ ဝပြောကျန်းမာတို့ကမ္ဘာ" ဆောင်ပုဒ်ဖြင့် ဧပြီ ၂၄ ရက်မှ ၃၀ ရက်အထိ ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့အဖြစ် သတ်မှတ်ခဲ့ရာ တိရစ္ဆာန်ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ဧပြီ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ပျဉ်းမနားမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ သဘာပတိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင်ငွေက အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင်တင်မြိုင်က ခွေးရူးရောဂါအကြောင်းကိုလည်းကောင်း၊ ကထိက ဒေါက်တာလှိုင်လှိုင်မြင့်က ကျွဲ၊ နွားကူးစက်ရောဂါများအကြောင်းနှင့် ကထိက ဒေါက်တာကျော်ကျော်မိုးက ဝက်ကူးစက်ရောဂါများအကြောင်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောသည်။ ထို့နောက် တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားသည်။

(မွေး/ကု)

## နိုင်ငံတကာ ရုပ်ရှင်အနုပညာရပ်ဝန်း

### ဒါရိုက်တာပေါလ်အန်ဒါဆင် ရောမခေတ်ဇာတ်ကားဖန်တီးမည်

နာမည်ကျော်လူကြိုက်များခဲ့သည့် *Resident Evil* ဇာတ်ကားများကို ဖန်တီးရိုက်ကူးခဲ့သည့် ဒါရိုက်တာ ပေါလ်အန်ဒါဆင်က ရောမခေတ်ပွန်ပီ ရှေးဟောင်းမြို့သမိုင်းနှင့် ပတ်သက်သည့် ရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

အေဒီ ၇၉ ခုနှစ်က ဗီဆူဗီးယက်စ် မီးတောင်ပေါက်ကွဲမှုကြောင့် ရောမမြို့တော် ပျက်သုဉ်းခဲ့ရပုံအကြောင်း ရိုက်ကူးမည့် အက်ရှင်စွန့်စားခန်းများ ပါဝင်သော *Pompeii* အမည်ရှိဇာတ်ကားသည် နာမည်ကျော် *Titanic* ဇာတ်ကားကဲ့သို့ စိတ်ဝင်စားဖွယ် ချစ်ဇာတ်လမ်းကို အခြေခံထားပြီး သဲတထိတ်ထိတ် ရင်တဖိုဖိုဖြင့် ကြည့်ရှုရမည့်ဇာတ်ကား ဖြစ်မည်ဟုဆိုသည်။ သို့သော်လည်း ဒါရိုက်တာအန်ဒါဆင်က ပါဝင်မည့် သရုပ်ဆောင်များကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ယင်းဇာတ်ကားတွင် ဩဇာတိက္ကမကြီးမားသော သဘော်ပိုင်ရှင်ကြီးတစ်ဦး၏ ကျေးကျွန်တစ်ယောက်သည် သူ၏လွတ်လပ်မှုကို ဝယ်ယူပြီး သူချစ်ခင်နှစ်သက်သော သဘော်ပိုင်ရှင်ကြီး၏ သမီးနှင့် လက်ထပ်ရန် စိတ်ကူးယဉ်မျှော်လင့်နေသည်။ သို့သော် သူ မသိသည့်အချက်မှာ သဘော်ပိုင်ရှင်ကြီး၏သမီးမှာ အကျင့်စာရိတ္တပျက်ပြားနေသော ရောမအထက်လွှတ်တော်အမတ်တစ်ဦးနှင့် လက်ထပ်ရန်ကတိပေးထားပြီးဖြစ်သကဲ့သို့



**ဒါရိုက်တာ ပေါလ်အန်ဒါဆင်။**

### အောဝမ်းစိုး

သူကိုယ်တိုင်မှာလည်း အခြားပိုင်ရှင်တစ်ဦးထံသို့ ရောင်းချထားခြင်းခံရသူဖြစ်သည်။

ထို့ထက်အခြေအနေမဆိုးရွားမီ ဈူကလီးယားဗုံးအလုံး ၄၀ ခန့် ပြင်းအားရှိသော ဗီဆူဗီးယက်စ်မီးတောင်ပေါက်ကွဲရာ ၎င်းကျေးကျွန်မှာ နေပယ်လ်မြို့သို့ ဦးတည်သွားနေသည့် သဘော်ပေါ်သို့ ရောက်ရှိနေပြီး သူ၏အချစ်ဆုံးသူငယ်ချင်း ကြေးစားတိုက်ခိုက်ရေးသမားမှာလည်း ရောမမြို့တော်၌ ထိန်းသိမ်းခံထားရသည်။ အလွန်ကြီးမားသောမီးတောက်မီးခိုးလုံးနှင့် ပြာမှုန်များကို မြင်တွေ့ရသောအခါ ကျေးကျွန်သည် အန္တရာယ်ကိုမသိဘဲ သူ့ချစ်သူနှင့် သူငယ်ချင်းကိုကယ်တင်ရန် ဆုံးဖြတ်ပြီး နောက်ကြောင်းပြန်လှည့်လာပုံကို စိတ်ဝင်စားဖွယ်စွန့်စားခန်းများနှင့်အတူ ကြည့်ရှုကြရမည်ဖြစ်သည်။

ယင်းဇာတ်ကားကို ဒါရိုက်တာအန်ဒါဆင်က နောက်နှစ် နွေဦးပေါက်ရာသီတွင် စတင်ရိုက်ကူးမည်ဖြစ်၍ ယင်းဇာတ်ကား မလာမီ အကြိုအနေဖြင့် အန်ဒါဆင်ရိုက်ကူးထားသည့် *Three Musketeers* ဇာတ်ကားဖြန့်ချိနေပြီဖြစ်ကြောင်း သတင်းကောင်း ပါးလိုက်ရပါသည်။ **အင်တာနက်။**

## MuchMusic ဗီဒီယိုဆုရရှိရန် ရေပန်းစားနေသည့် ဆီလီနာဂိုမက်ဇ်

*အမေရိကန်မင်းသမီးချောအဆိုတော် ဆီလီနာဂိုမက်ဇ်သည် ၂၀၁၁ ခုနှစ် ကနေဒါနိုင်ငံ၏ MuchMusic ရုပ်သံလိုင်းမှ ချီးမြှင့်မည့် ဗီဒီယိုဆုရရှိရန် အလားအလာအရှိဆုံး မင်းသမီးဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။*

*ဇွန် ၁၉ ရက်တွင် ကျင်းပမည့် အဆိုပါဆုပေးပွဲကို ကနေဒါနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင် တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။ ယင်းဗီဒီယိုဆုသည် ဆီလီနာဂိုမက်ဇ်အတွက် ပထမဆုံးရရှိမည့်ဆုဖြစ်ဖွယ်ရှိပြီး နာမည်ကြီးအဆိုတော် လေဒီဂါဂါက အဆိုပါဆုပေးပွဲတွင် တက်ရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။ အသေးစိတ်အချက်အလက်များကို လာမည့်သီတင်းပတ်များတွင် ထုတ်ပြန်သွားမည်ဟု မျှော်လင့်ရသည်။*

*"ဗီဒီယိုဆုရရှိမယ်လို့ ရေပန်းစားတဲ့အတွက် ကျွန်မရင်ခုန်မိပါတယ်။ ကျွန်မရဲ့ ကနေဒါလူမျိုးပရိသတ်တွေကို ဖျော်ဖြေခွင့်ရဖို့ မျှော်လင့်ပါတယ်"ဟု ဂိုမက်ဇ်က ပြောကြားသည်။*



***MuchMusic* ရုပ်သံလိုင်းမှ ချီးမြှင့်မည့် ဗီဒီယိုဆုရရှိရန် အလားအလာအရှိဆုံး အမေရိကန်အဆိုတော် ဆီလီနာဂိုမက်ဇ်။**

*ဆီလီနာဂိုမက်ဇ်၏ ရုပ်ရှင်ဇာတ်ကားများနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေမှုများသည် ကမ္ဘာတစ်လွှားသို့ ပျံ့နှံ့လျက်ရှိပြီး သူမ၏တေးအယ်လ်ဘမ်များသည်လည်း အရောင်းရဆုံးဈေးကွက်၌ ထိပ်တန်းမှ ရပ်တည်လျက်ရှိသည်။* ***အင်တာနက်။***

# ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းဖွင့်

**နေပြည်တော်  မေ ၃**

တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ မေ ၂ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေး၊ မန္တလေးတိုင်းဒေသကြီး ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ စုစုပေါင်း ၄၈၂ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းတွင် SOLAR SYSTEM သဘာဝအလင်းရောင်မီးတိုင်များ အသုံးပြုထားသည်ကို ဤသို့တွေ့ခဲ့ရသည်။



နေပြည်တော်ရေပူစမ်းအပန်းဖြေစခန်းတွင် မိသားစုများအတွက် PRIVATE ရေချိုးခန်းများပြုလုပ်ပေးထားသည်ကို ဤသို့ တွေ့ခဲ့ရသည်။

✧ **အပန်းဖြေစခန်းမှ**

လမ်းအတိုင်း ၂၁ မိုင်၊ တစ်ဖန် ကိုးကွေ့မှ ပျဉ်းမနား-ပင်လောင်းကားလမ်းအတိုင်း လေးမိုင် နှစ်ဖာလုံ ဆက်၍ သွားလျှင် ယခင်တောင်ကျရွာ (ယခုအခေါ် တောင်ပေါ်ရွာ)အလွန်တွင် ရှိပါသည်။ အထဲသို့ တစ်မိုင် ခြောက်ဖာလုံ ကတ္တရာလမ်းအတိုင်းဝင်ရောက်ခဲ့လျှင် ပွက်ပွက်ဆူ၍ ရေပူထွက်နေသော သဘာဝရေပူစမ်း (Sulphur Spring) ကို တွေ့မြင်ရမည်ဖြစ်သည်။

လှပသော စားသောက်ဆိုင် Restaurant လည်း ဆောက်လုပ်ထားရာ ကိုယ်နှစ်သက်သော အရှေ့တိုင်း၊ အနောက်တိုင်းဟင်းလျာများကို မှာယူစားသုံးနိုင်မည်ဖြစ်သည်။ တောတွင်းလမ်းလျှောက်လိုလျှင် (သို့မဟုတ်) အပျော်စီးဆင်များ စီးလိုလျှင်လည်း ဆင်များ အသင့်စီစဉ်ထားသည်ဟု သိခဲ့ရသည်။

ရေပူစမ်းအပန်းဖြေစခန်းတွင် ထွန်းထားသော လျှပ်စစ်မီးအနေဖြင့် သဘာဝအလင်းရောင်ကို အသုံးပြုထားသည့် Solar System အပြင် Mini Hydropower လည်း တပ်ဆင်၍ လျှပ်စစ်ကို ထုတ်ယူအသုံးပြုထားသည်။

အဆိုပါရေပူစမ်းအပန်းဖြေစခန်းကို T.G.E ဆောက်လုပ်ရေးကုမ္ပဏီက ၂၀၀၉ ခုနှစ်တွင် တာဝန်ယူတည်ဆောက်ခဲ့ရာ ၂၀၁၀ ခုနှစ်မှာ တည်ဆောက်ပြီး၍ အများပြည်သူ အပန်းဖြေအနားယူနိုင်ရန် ၁၁-၄-၂၀၁၀ ရက်က ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

ထိုရေပူစမ်းအပန်းဖြေစခန်းသည် နေပြည်တော်၏ အပန်းဖြေစရာ Resort တစ်ခုဖြစ်ရာ အားလပ်ရက်များတွင် ပြည်သူများ လာရောက်အပန်းဖြေနိုင်ကြပါကြောင်း ကိုယ်တိုင်သွားရောက်လေ့လာ၍ ရေးသားတင်ပြလိုက်ရပါသည်။ ။



နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းတွင် လာရောက်လည်ပတ် အပန်းဖြေသူများကို ဤသို့ တွေ့ခဲ့ရသည်။

❍ **ကျောဖုံးမှ**

မက္ကဆီကိုပင်လယ်ကွေ့နှင့် အတ္တလန္တိတ်သမုဒ္ဒရာတောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသများသည် ကုန်းမြေဆုံးရှုံးမှုကို အဓိကကြုံတွေ့ကြရဖွယ်ရှိသည်။

မိုင်ယာမီ၊ နယူးအော်လင်း၊ တမ်ပါ၊ ဖလော်ရီဒါ၊ ဗာဂျီးနီးယားပင်လယ်ကမ်းခြေဒေသတို့တွင် ၂၁၀၀ ပြည့်နှစ်ထက်နောက်မကျဘဲ ကုန်းမြေ ၁၀ ရာခိုင်နှုန်းကျော် ဆုံးရှုံးနိုင်ကြောင်း သုတေသနလေ့လာချက်တွင် ဖော်ပြသည်။

သိပ္ပံပညာရှင်များ၏ ခန့်မှန်းချက်အရ ၂၁၀၀ ပြည့်နှစ်ဝန်းကျင်တွင် ပင်လယ်ရေမျက်နှာပြင် အနည်းဆုံး တစ်မီတာခန့် ပိုမိုမြင့်တက်လာနိုင်သည်ဟု သိရသည်။(တစ်မီတာသည် သုံးပေခန့်ရှိသည်။)

ကမ္ဘာကြီးပူနွေးမှု ဆက်လက်ဖြစ်ပေါ်မည်ဆိုပါက ၂၁၀၀ ပြည့်နှစ်ကျော်လွန်သည့်တိုင်အောင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှု ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုသည် နှစ်ပေါင်း ၁၀၀ လျှင် တစ်မီတာအထိရှိနိုင်ကြောင်း သုတေသီများက ပြောကြားသည်။

ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၏ အကျိုးဆက်များအဖြစ် မြေဆီလွှာတိုက်စားခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် အမြဲထာဝရ ပင်လယ်ရေအောက်သို့ နစ်မြုပ်ခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း အမေရိကန် ဘူမိသိပ္ပံပညာသုတေသီ ဂျာရမီအယ်လ်ဝစ်က ပြောကြားသည်။

အမေရိကန် ပင်လယ်ကမ်းရိုးတန်းဒေသများ၌ နေထိုင်သူဦးရေ ၄၀ ဒသမ ၅ သန်းရှိကြောင်း၊ ပင်လယ်ကမ်းရိုးတန်းမြို့များအနက် ၂၀ တွင် ကမ်းရိုးတန်းဒေသများ၌ နေထိုင်သူ တစ်မြို့လျှင် ၃၀၀၀၀၀ ထက်မနည်းရှိကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

***အင်တာနက်။***

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်၊ စာပေ လေ့လာစို့

# အသေးစား စက်မှုလက်မှုလုပ်ငန်း နည်းပညာသင်တန်းဖွင့်မည်

**မန္တလေး  မေ ၃**

သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (မန္တလေး) ရုံးခွဲမှ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်နည်းပညာသင်တန်းကို (၁၀)ကြိမ်မြောက် ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ သင်တန်းကာလမှာ မေ ၁၉ ရက်မှ မေ ၂၅ ရက်အထိ ဖြစ်ပြီး သင်တန်းကြေး ကျပ် ၁၀၀၀၀ နှင့် ကုန်ကျစရိတ်အချိုးကျသာ ကုန်ကျမည်ဖြစ်၍ သင်တန်းတက်ရောက်လိုသူများသည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (မန္တလေး) ရုံးခွဲ ၈၂ × ၂၅ လမ်းထောင့် အောင်မြေသာစံမြို့နယ် ဖုန်း-၀၂-၃၉၆၀၉၊ ၀၉-၂၀၀၀၇၃၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁) ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပမည်

**ရန်ကုန်  မေ ၃**

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူးကျင်းပသည့် မြန်မာ့တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ(၂၀၁၁)ကို မေ ၅ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

ပြပွဲတွင် တိုင်းရင်းဆေးပြခန်းပေါင်း ၁၀၀ ကျော်ဖြင့် စည်ကားသိုက်မြိုက်စွာ ပါဝင်ပြသ ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၄-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်) |
| ၇း၂၅ | ၃။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၆။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၀၅ | ၇။ | မြူးမြူးကြွကြွယဉ်ကျေးမှုအက |
| ၈း၁၅ | ၈။ | အတီးပြိုင်ပွဲ |
| ၈း၂၅ | ၉။ | တေးဂီတအစီအစဉ် |
| ၈း၄၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | “ကြိုဆိုလျက်ပါ” |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၂၀ | ၃။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၄း၃၀ | ၄။ | အဆိုပြိုင်ပွဲ |
| ၄း၄၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ) |
| ၄း၅၅ | ၆။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၀၀ | ၇။ | သီချင်းကြီးပဒေသာ |
| ၅း၁၀ | ၈။ | “ကင်ဆာရောဂါဆိုင်ရာ လေ့လာတွေ့ရှိချက်များ” |
| ၅း၂၅ | ၉။ | “ရောင်စုံရေးသီတေးပန်းချီ” |
| ၅း၄၀ | ၁၀။ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၆း၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၃။ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ |
| ၆း၃၅ | ၁၄။ | ရွှေရင်ခုန်သံ |
| ၇း၁၀ | ၁၅။ | မှုဟန်သွယ်သွယ်ဆိုကြမယ် |
| ၇း၄၀ | ၁၆။ | နိုင်ငံတော်သံစုံတီးဝိုင်းကြီးနှင့် နိုင်ငံတော်ဆိုင်းဝိုင်းကြီး ပူးပေါင်း ဖျော်ဖြေတင်ဆက်မှု အစီအစဉ် |
| ၈း၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | ပျော်ရွှင်ရင်ခုန်ပြကွက်စုံ |
| | ၂၁။ | **နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာလွှမ်းသော မေတ္တာ” (အပိုင်း-၅၅)** |
| | ၂၂။ | မီးသတ်တပ်ဖွဲ့ ဂုဏ်ပြုဇာတ်လမ်း “ပေးဆပ်ခြင်းများစွာ” (မင်းဦး၊ မိုးယံဇွန်၊ စိုးမြတ်နန္ဒာ၊ မိုးယုစံ၊ ထွန်းထွန်းဝင်း) [ဒါရိုက်တာ-မောင်မျိုးမင်း (ရင်တွင်းဖြစ်)] |
| | ၂၃။ | အစီအစဉ်ပြီး၏။ |

# ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ်(၉) ထွက်ပြီ

**ရန်ကုန်  မေ ၃**

တန်ခူးလမိဿရာသီအခါသမယတွင် ကံ့ကော်၊ ရင်ခတ်၊ ပိတောက်ပန်းရနံ့တို့နှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ်(၉)ကို မေ ၁ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စပါးသီးနှံ ပေါင်းအန္တရာယ် ဘက်စုံနည်းဖြင့် ကာကွယ်၊ ပန်းတိုင်အထွက်နှုန်းရရှိစေမည့် နေကြာစိုက်ပျိုးနည်း၊ ဝင်ငွေတိုးစေဖို့ နဂါးမောက်သီးပင်စိုက်ကြစို့၊ စိုက်ပျိုးမွေးမြူရေးမှသည် ကျေးလက်ဖွံ့ဖြိုးရေးဆီသို့၊ ခရမ်းချဉ်နှင့် ငရုတ်စိုက်ခင်းအတွက် လိုအပ်သည့်အာဟာရမြေသြဇာစသည့် စိုက်ပျိုးရေး ဆောင်းပါးများ၊ မွေးမြူရေးဆောင်းပါးများ၊ ရိုးရာယဉ်ကျေးမှုပွဲတော်များစသည့်အသိပညာပေး သုတ၊ရသဆောင်းပါးများ၊ ယနေ့နိုင်ငံရေး အခြေအနေနှင့် ပတ်သက်၍ နိုင်ငံဖွံ့ဖြိုးမှုနှင့် ဒီမိုကရေစီဆောင်းပါး၊ တရုတ်စပါးမျိုးစပ် နည်းပညာက ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအပေါ် များစွာအကျိုးသက်ရောက်မှုရှိ၊ အွန်လိုင်းမှ သတင်းအချက်အလက်ဖတ်ရှုသူများပြား၊ ၂၀၂၀ ပြည့်နှစ်တွင် ရုရှားတပ်မတော်သစ် ပြုပြင်ဖွဲ့စည်းမည်စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် ပရိသတ်ရဲ့အားပေးမှုကို အရမ်းမျှော်လင့်ပါတယ်ဆိုတဲ့ မော်ဒယ်လ်သရုပ်ဆောင် ချမ်းမီမီကိုနှင့် တွေ့ဆုံခြင်း၊ ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)

# Top Royal အဆင့်မြင့်ရုပ်ရှင်ရုံ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၃**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် မေ ၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် အင်းစိန်လမ်းမကြီးနှင့် ပါရမီလမ်းထောင့်ရှိ စိန်ဂေဟာပါရမီစင်တာ ဥပစာရှေ့၌ ကျင်းပသော Top Royal အဆင့်မြင့်ရုပ်ရှင်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် Top Royal အဆင့်မြင့်ရုပ်ရှင်ရုံ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်းဇော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**ဖွင့်လှစ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က Top Royal အဆင့်မြင့်ရုပ်ရှင်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် စိန်ဂေဟာပါရမီစင်တာ စတုတ္ထထပ်ရှိ Top Royal အဆင့်မြင့်ရုပ်ရှင်ရုံ၌ ရုပ်ရှင်ပြသနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရုပ်ရှင်ရုံ၌ ထိုင်ခုံပေါင်း ၃၃၃ ခုံ ပါရှိကာ မြန်မာရုပ်ရှင်ကားများနှင့် နိုင်ငံခြားရုပ်ရှင်ကားများကို နေ့စဉ်ပွဲချိန် ငါးကြိမ် ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ Top Royal အဆင့်မြင့်ရုပ်ရှင်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့် ကြစဉ်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

## အစည်းအဝေး ဒုတိယနေ့ ကျင်းပ

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။**

(သတင်းစဉ်)



# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဆက်လက်ကျင်းပ

နေပြည်တော် မေ ၃

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာက ဆောင်ရွက်သည်။**

အခမ်းအနားတွင် "မြန်မာပြည်မြောက်ဖျား သွေးချင်းနောင်ဖွား၊ မနောမြေတွင် နေထိုင်ကြသူများ၏ ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုဘဝပုံစံ အလေ့အကျင့်များကို လေ့လာခြင်း"၊ "ဆယ်ကျော်သက်အရွယ် ကျောင်းသား၊ ကျောင်းသူများ၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဗဟုသုတနှင့် ခံယူချက်သဘောထားအမြင် လေ့လာခြင်း"၊ "ခရီးအစစ်တွင်ဖို့ နည်းအသစ်ထွင်ဖို့ စီမံစို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ မြင်းမူမြို့နယ်အတွင်း ကျေးရွာအာဟာရဘဏ်များထူထောင်ပြီး ငါးနှစ်အောက်ကလေး အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း"၊ "ပဲခူးမြို့နယ်ရှိ မူလတန်းကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာဖွံ့ဖြိုးမှု အခြေအနေနှင့် ကျန်းမာရေး အလေ့အကျင့်များ လေ့လာခြင်း"၊ "ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့နယ်အတွင်းရှိ အသက်နှစ်နှစ်မှ သုံးနှစ်အတွင်း ကလေးငယ်များ မိခင်နို့တိုက်ကျွေးခြင်းအပေါ် လွှမ်းမိုးသောအချက်များနှင့် အာဟာရဖွံ့ဖြိုးမှုအခြေအနေ လေ့လာခြင်း ၂၀၁၀"၊ "သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေးလုပ်ငန်းများအတွက် ခြင်ကျားပိုးလောက်လမ်း ပေါက်ပွားမှုများသော အိုးခွက်အမျိုးအစား ဖော်ထုတ်သတ်မှတ်ခြင်း"၊ "မွန်ပြည်နယ်အတွင်း မိခင်သေဆုံးမှုအများဆုံးမြို့နယ်(၂)မြို့နယ်မှ ကိုယ်ဝန်ဆောင်မိခင်များ၏ ကိုယ်ဝန်ဆောင်ခြင်း၊ မွေးဖွားခြင်းနှင့် မွေးဖွားပြီး စောင့်ရှောက်ခြင်းဆိုင်ရာ အသိပညာ ဗဟုသုတနှင့် ခံယူချက်များဆိုင်ရာ လေ့လာမှု"၊ "ရခိုင်ပြည်နယ်ရှိ စတုတ္ထတန်း ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်မှုဘဝပုံစံနှင့် ကျောင်းပတ်ဝန်းကျင်တို့အား ဆန်းစစ်လေ့လာခြင်း"၊ "ပြည်သူလူထုအခြေပြု မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် မိခင်ကလေးကျန်းမာရေး မြှင့်တင်သူများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဆယ်အိမ်စုမှူးများ၏ လုပ်ငန်းဆောင်ရွက်မှုအား လေ့လာခြင်း"၊ "တောင်ကြီးမြို့နယ်ရှိ မိခင်များ၏ သွေးလွန်တုပ်ကွေး ရောဂါနှင့် ပတ်သက်၍ အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်များကို လေ့လာခြင်း"၊ "လားရှိုးမြို့ပေါ်ရှိ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၏ မိခင်နှင့်ကလေးကျန်းမာရေး အသိပညာခံယူချက်နှင့် လက်တွေ့လိုက်နာကျင့်သုံးမှု အခြေအနေများကို ဆန်းစစ်လေ့လာခြင်း"၊ "စုပေါင်းကာကွယ် ငှက်ဖျားအန္တရာယ်" နှင့် "ရောဝတီ မိခင်ရင်သွေးရိပ်မြုံ၏ ကိုယ်ဝန်ဆောင်မိခင်များအား စောင့်ရှောက်ပေးနိုင်မှုကိုလေ့လာခြင်း" စသည့် စာတမ်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က ဖတ်ကြားတင်သွင်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

### ပြစ်မှုကျူးလွန်ထွက်ပြေးတိမ်းရှောင်နေသူ လုပ်သေနတ်တစ်လက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းမိ

**ကျွန်းကုန်း မေ ၃**

ပြစ်မှုကျူးလွန်ပြီးထွက်ပြေးတိမ်းရှောင်နေသည့် တရားခံပြေးကို ရဲတပ်ဖွဲ့က သတင်းအရဝင်ရောက်ဖမ်းဆီးရာ တရားခံပြေးအပြင် တရားမဝင်လုပ်သေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများကိုပါ ဖမ်းဆီးရမိခဲ့သောဖြစ်ရပ်တစ်ခု ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျွန်းကုန်းရဲစခန်းအပိုင်တွင်ဖြစ်ပွားခဲ့သည်။

ကျွန်းကုန်းရဲစခန်းအပိုင်အနောက် မိုင် ၂၀ ခန့်အကွာ ကညင်မြောင်ကျေးရွာအုပ်စု သရက်ပင်ကုန်းကျေးရွာ အနောက်ဘက်တောင်ယာတဲတွင် ရဲစခန်းမှ (ပ) ၈၆/၂၀၀၉ ပြစ်မှုပုဒ်မ ၃၂၆/၅၁၂ ဖြင့်အလိုရှိနေသော တရားခံပြေး လှဦး(၄၂)နှစ် ပြန်လည်ရောက်ရှိနေကြောင်း သတင်းအရ ကျွန်းကုန်းရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်မြတ်မင်းအောင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များက ရှောင်တခင်ဝင်ရောက်ဖမ်းဆီးနိုင်ခဲ့သည်။

တရားခံပြေးလှဦး နေထိုင်ရာတဲပေါ်တွင် အရှည် ၂ ပေ ၁၀ လက်မခန့်ရှိ သံပိုက်လုံးတစ်ခု၊ အရှည် ၄ ပေ ၉ လက်မ ခန့်ရှိ လုပ်သေနတ်တစ်လက်၊ ယမ်းကတ်ရှစ်ခုပါ ၁၉ ကတ်၊ အဖြူရောင်ပလတ်စတစ်ဘူးနှင့်ထည့်ထားသော ဘလိတ်ဓားနှစ်ချောင်း၊ ယမ်းစိမ်းနှင့် မီးသွေးမှုန့်ရောထည့်ထားသည့် စီပလပ်ဘူးတစ်ခု (လက်သုံးလုံးခန့်)တို့ကို ရဲတပ်ဖွဲ့က တွေ့ရှိသိမ်းဆည်းခဲ့သည်။

တရားခံပြေးလှဦးမှာ ၂၀၀၉ ခုနှစ်က တောထဲတွင် ကျွဲကျောင်းရင်း အပေါင်းအသင်းများနှင့်ဝိုင်းဖွဲ့အရက်သောက်ပြီး စကားနိုင်လု စကားများရန်ဖြစ်ရာက ကျွဲဒိုင်ကျေးရွာနေ ကိုအောင်ရွှေဆိုသူကို ဓားဖြင့်ထိုးကာ ထွက်ပြေးတိမ်းရှောင်နေသူဖြစ်ကြောင်း သိရသည်။

### လူကိုတိုက်ပြီး ဆိုင်ကယ်မှောက် လူသုံးဦးဒဏ်ရာများရရှိ

**ရန်ကုန် မေ ၃**

လမ်းလျှောက်နေသူအား တိုက်မိ၍ ဆိုင်ကယ်မောင်းသူ၊ နောက်မှလိုက်ပါသူနှင့် လမ်းလျှောက်သူတို့ ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်တစ်ခု ဧပြီ ၂၅ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် လှိုင်သာယာမြို့နယ်၌ ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပန်းလှိုင်တံတားလမ်း၌ မြောက်မှတောင်သို့ ဝင်းမင်းထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်သည် ပန်းလှိုင်တံတား လမ်းအသုံးပြုခကောက်ခံရေးဂိတ်အနီး၌ အနောက်ဘက်လမ်းစပ်မှ လမ်းလျှောက်သွားနေသူ ကိုစိုးသက်ဦးအားတိုက်မိပြီး တိမ်းမှောက်သွားခဲ့သည်။ ဆိုင်ကယ်တိုက်မှုကြောင့် ဆိုင်ကယ်ပျက်စီးသွားပြီး ဆိုင်ကယ်မောင်းသူ ဝင်းမင်းထွန်း၊ ဆိုင်ကယ်နောက်မှ လိုက်ပါလာသည့် ကိုလှဆန်းနှင့် အတိုက်ခံရသူ ကိုစိုးသက်ဦးတို့ ဒဏ်ရာများရရှိကြပြီး လှိုင်သာယာဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရသည်။

မဆင်မခြင်မောင်းနှင်မှုကြောင့် ဆိုင်ကယ်တိုက်မှုဖြစ်ပွားခဲ့ရခြင်းဖြစ်ပြီး အမှုနှင့်စပ်လျဉ်း၍ လှိုင်သာယာမြို့နယ် သောင်ကြီးရဲစခန်းက လိုင်စင်မဲ့ဆိုင်ကယ်မောင်းနှင်သူ တွံတေးမြို့နယ် မိချောင်းဝိုင်းကျေးရွာမှ ဝင်းမင်းထွန်း(၂၉)နှစ်အား အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

---

အမှုနှင့်ပတ်သက်၍ ကျွန်းကုန်းရဲစခန်းက (ပ)၂၂/၂၀၁၁ တရားမဝင် လက်နက်များ ကိုင်ဆောင်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၉(ခ)ဖြင့် အမှုဖွင့်၍ တရားစွဲဆိုတင်ပို့နိုင်ရန် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဆွာကိုလွင်)

**မီး သုံး စွဲ လျှင် သတိ ယူ ဉ်၊ ဆ င် ခြ င် သ တိ အ မြဲ ရှိ**

# နေပြည်တော်-မန္တလေးသွားလိုပါသလား - - -

**စုစည်းဖော်ပြသူ ထွန်းဦးထွန်း**

ရန်ကုန် မေ ၃

**နေပြည်တော်နှင့် မန္တလေးမြို့မှ ခရီးသွားများ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ခရီးသည်တင် မှန်လုံယာဉ်များ နေ့စဉ်ပြေးဆွဲပေးလျက်ရှိရာ နေပြည်တော်-မန္တလေး-နေပြည်တော် ပြေးဆွဲနေသော ယာဉ်လိုင်း ၁၁ လိုင်းတို့၏ ထွက်ခွာချိန်နှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို စုစည်းဖော်ပြလိုက်ပါသည်-**

| စဉ် | ယာဉ်လိုင်းအမည် | နေပြည်တော်-မန္တလေး ထွက်ချိန် | မန္တလေး-နေပြည်တော် ထွက်ချိန် | ဆက်သွယ်ရန် ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ကြယ်စင်ဟိန်းမြတ်မိုး | နံနက် ဝ၆း၃၀၊ ည ၈း၀၀ | နံနက် ၁၆း၀၀၊ ည ၈း၀၀ | ဝ၆၇-၂၆၁၂၃/၂၆၁၄၈ |
| ၂ | ဖုန်းမြင့်စံ | ၂၀း၀၀ | ၁၆း၀၀ | ဝ၆၇-၂၆၁၂၄ |
| ၃ | ရွှေခေတ်မန်း | ၂၁း၃၀ | ၁၆း၀၀ | ဝ၆၇-၂၆၁၀၇ |
| ၄ | မန္တလာထွန်း | ၂၀း၄၅ | ၂၀း၃၀ | ဝ၆၇-၂၆၂၈၆ |
| ၅ | ဇာနည်ဘွား | ၂၀း၀၀ | ၁၆း၀၀ | ဝ၆၇-၂၆၁၂၅ |
| ၆ | ထက်ဦး | ၂၀း၀၀ | ၂၀း၃၀ | ဝ၆၇-၂၆၂၁၅ |
| ၇ | အေးချမ်းမောင် | ဝ၆း၀၀၊ ၁၀း၀၀ | ဝ၉း၀၀၊ ၁၂း၀၀ | ဝ၆၇-၂၆၁၈၅ |
| ၈ | နန်းမြင့် | ဝ၆း၀၀ | ဝ၆း၀၀ | ဝ၆၇-၂၆၁၄၅ |
| ၉ | မန်းရတနာ | ဝ၅း၃၀ | ဝ၆း၀၀ | ဝ၆၇-၂၆၁၇၈ |
| ၁၀ | ရွှေစင် | ဝ၇း၀၀၊ ၂၀း၃၀ | ဝ၇း၀၀၊ ဝ၈း၀၀၊ ဝ၉း၀၀<br>၁၂း၀၀၊ ၁၄း၃၀ | ဝ၆၇-၂၆၃၅၇<br>ဝ၆၇-၂၆၂၆၉/၂၆၁၈၃ |
| ၁၁ | ရွှေမန်းသူ | ဝ၆း၃၀၊ ၁၇း၀၀<br>၂၀း၀၀၊ ၂၁း၃၀ | ဝ၇း၀၀၊ ဝ၈း၀၀၊<br>၁၃း၀၀၊ ၁၅း၃၀၊ ၁၇း၃၀ | ဝ၆၇-၂၆၂၄၅ |



# နိုင်ငံတကာအဆင့်မီ အင်ဂျင်နီယာများ၊ နည်းပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်နိုင်ရေး ဆရာ၊ ဆရာမများအားလုံးက စေတနာထား သင်ကြားပေးရန်နှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

**ရန်ကုန် မေ ၃**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် မေ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(သန်လျင်)၊ နည်းပညာတက္ကသိုလ် (မှော်ဘီ)၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်းဌာန (လှိုင်)တို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ နိုင်ငံတကာအဆင့်မီ အင်ဂျင်နီယာများ၊ နည်းပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် ဆရာ၊ ဆရာမများအားလုံးက စေတနာထား သင်ကြားပေးရန်နှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး**(အပေါ်ပုံ)** ရန်ကုန်နည်းပညာတက္ကသိုလ်ရှိ စာသင်ခန်း၊ လက်တွေ့ခန်း၊ စာကြည့်တိုက်များနှင့် အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်းဌာန (လှိုင်)တို့၌ အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဖွင့်လှစ်လျက်ရှိသော (IMCEITS) သင်တန်းနှင့် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဖွင့်လှစ်လျက်ရှိသော (ICTTI) သင်တန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၂ ရက်တွင် နည်းပညာတက္ကသိုလ်(မှော်ဘီ)နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့ကို လည်းကောင်း၊ ယနေ့ နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ် (သန်လျင်)ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

### မြန်မာအမျိုးသမီးလက်ဝှေ့အဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်၊ တွဲဖက်အတွင်းရေးမှူးဦးနေဇော်၊ နည်းပြချုပ် မစ္စတာမာစရိညိုနှင့် နည်းပြဆရာများ၊ လက်ရွေးစင်အားကစားသမားများသည် တူရကီနိုင်ငံ အန်ကာရာမြို့ ကမ္ဘာ့အမျိုးသမီး တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲမှ ပြန်လည်ရောက်ရှိလာသော အုပ်ချုပ်သူ ဒေါ်ရေးနှင့် နယ်လီ(၅၁ကီလိုတန်း)၊ နန်းသက်ထားစံ (၄၈ကီလိုတန်း) တို့ကို မေ ၂ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

မြန်မာအမျိုးသမီးလက်ဝှေ့အဖွဲ့သည် AIBA Women's Junior/ Youth World Boxing Champion Ship Antaya 2011 သို့ ဧပြီ ၁၀ ရက်က သွားရောက်ခဲ့ပြီး ၂၀ ရက်အထိ နိုင်ငံပေါင်း ၁၂ နိုင်ငံနှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ ဧပြီ ၂၂ မှ ၃၀ ရက်အထိ ကမ္ဘာ့အမျိုးသမီးလူငယ်တန်း၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နယ်လီက ပထမအဆင့်၌ ရိုမေးနီးယားမှ လက်ဝှေ့မယ်ကို အမှတ်ဖြင့်ရှုံးခဲ့သည်။ နန်းသက်ထားစံက ပထမအဆင့်တွင် ဖင်လန်လက်ဝှေ့မယ်ကိုလည်းကောင်း၊ ဒုတိယအဆင့်တွင် ဖိလစ်ပိုင်လက်ဝှေ့မယ်ကိုလည်းကောင်း အမှတ်ပြတ်ဖြင့် အနိုင်ယူကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သော်လည်း ကာဇက်စတန်လက်ဝှေ့မယ်ကို အမှတ်ဖြင့်ရှုံး၍ ဆီမီးဖိုင်နယ်တက်ခွင့်လွဲခဲ့ရသည်။

(ကြေးမုံ)

### နွေရာသီဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် နွေရာသီဖိတ်ခေါ်အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၏ ဗိုလ်လုပွဲများကို မေ ၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းက ပထမ၊ ဆိပ်ဖူးတောင်(က)အသင်းက ဒုတိယ၊ ကန္တာရဝတီ (ကယား)အသင်းက တတိယ၊ အမျိုးသားပြိုင်ပွဲတွင် သံလွင်အသင်းက ပထမ၊ VENOM အသင်းက ဒုတိယ၊ LEGACY (T.T.C) အသင်းက တတိယ ရရှိသွားကြပြီး အကောင်းဆုံး အားကစားသမားဆုကို အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းမှ မေနှင်းဆီလွင်နှင့် သံလွင်အသင်းမှ အောင်ရဲဝေါင်တို့က ရရှိကြသည်။

မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုရရှိကြသူများအား တစ်ဦးချင်းဆုများကို အလှည့်ကျပေးအပ်ချီးမြှင့်ကြပြီး ပထမရရှိကြသော အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် သံလွင်အသင်းတို့အား ရွှေသံလွင်ကုမ္ပဏီ နာယက ဒေါ်နီက တံခွန်စိုက်ဆုများကို ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

### တိုင်းဒေသကြီးနှင့် ပြည်နယ်တံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၃**

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်တံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲကို မေ ၇ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည်ဖြစ်ရာ လက်ဝှေ့အားကစားသမား ၂၅၀ ကျော် ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



### ရာသီသစ်အတွက် ပေါင်သန်း ၈၀ အသုံးပြုရန် အေဗရာမိုဗစ်ချ်အဆင်သင့်ဖြစ်နေ

**လန်ဒန် မေ ၃**

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်**(အပေါ်ပုံ)** က လာမည့်ဘောလုံးရာသီသစ်အတွက် ကစားသမားခေါ်ယူမှုတွင် ပေါင်သန်း ၈၀ အထိ အသုံးပြုသွားမည်ဟု ထုတ်ဖော်ပြောကြားသည်။

အေဗရာမိုဗစ်ချ်သည် ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလက ဖာနန်ဒိုတောရက်စ်နှင့် ဒေးဗစ်လူးဝစ်တို့အတွက် ပေါင် ၇၂ သန်းအသုံးပြုခဲ့သည်။ လာမည့် နွေရာသီ အပြောင်းအရွှေ့ဈေးကွက်ဖွင့်ချိန်တွင် ပေါင်သန်း ၈၀ အသုံးပြုသွားမည်ဖြစ်ပြီး မိုဗစ်ချ်ခေါ်ယူရန် ပစ်မှတ်ထားလာသည့် ကစားသမားများမှာ အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂက်စ်၊ စပါးအသင်း၏ ဘယ်တောင်ပံကစားသမားဂါရတ်ဘေးလ်နှင့် ဒတ်ချ်နောက်ခံကစားသမား ဗန်ဒါဝီလ်တို့ပင်ဖြစ်သည်။

ထို့ပြင် မိုဗစ်ချ်သည် ၎င်းခေါ်ယူလိုသည့်စာရင်းတွင် ရှနိုက်ဒါ၊ မူလား၊ အဒမ်ဂျွန်ဆင်၊ မတ်ဂျာဗစ်၊ အက်ရှ်လေယန်း၊ ဂျက်ရော့ဒ်ဝဲလ်၊ ဖယ်လိုင်နီ၊ လူကာမော့ဒရစ်နှင့် အာရှာဗင်တို့ကိုလည်း ထည့်သွင်းထားသည်။ ချယ်လ်ဆီးအသင်းသည် လက်ရှိပရီမီယာလိဂ်ပွဲစဉ်(၃၅)အပြီးတွင် ပထမနေရာမှ မန်ယူနှင့် သုံးမှတ်အကွာ ဒုတိယနေရာတွင်ရှိနေပြီး ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန် အကောင်းဆုံးအနေအထားတွင် ရှိနေသည်။

***အင်တာနက်။***



### အာစင်ဝင်းဂါးသည်သာ ကမ္ဘာ့အကောင်းဆုံးနည်းပြဟု ဆစ်ဇီနီပြောကြား

**လန်ဒန် မေ ၃**

အာဆင်နယ်အသင်းတွင် နေရာရလာသည့်ဂိုးသမား ဆစ်ဇီနီ**(အပေါ်ပုံ)** က အာစင်ဝင်းဂါးသည်သာ ကမ္ဘာ့အကောင်းဆုံးနည်းပြတစ်ဦးဖြစ်သည်ဟု ပြောကြားလိုက်သည်။

#### ဟန်သစ်

အာစင်ဝင်းဂါးသည် လူငယ်ဘောလုံးသမားများကို ကိုင်တွယ်ရာတွင် လိမ္မာပါးနပ်မှုရှိပြီး ကောင်းစွာ ပြုစုပျိုးထောင်ပေးနိုင်သူဖြစ်ကြောင်း၊ အာဆင်နယ်အသင်း ချန်ပီယံဆုဖလားနှင့် ဝေးကွာနေသည်မှာ ကြာခဲ့ပြီဖြစ်သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း ဖလားလက်မဲ့ဖြစ်ရန် နီးစပ်နေကြောင်း၊ သို့သော် နည်းပြများထဲတွင် အာစင်ဝင်းဂါးသည်သာ အတော်ဆုံးနည်းပြဖြစ်လိမ့်မည်ဟု မိမိယုံကြည်ကြောင်း ပြောကြားသည်။

၎င်းကပင် ဆက်လက်၍ မိမိတို့အသင်းကောင်းခဲ့သည်များရှိခဲ့သလို မရှုံးသင့်သည့် ပွဲများကို ရှုံးခဲ့ကြောင်း၊ သို့သော် လာမည့်နှစ်ဘောလုံးရာသီတွင် နည်းပြအာစင်ဝင်းဂါးအနေဖြင့် အောင်မြင်မှုများ ရရှိအောင် အကောင်းဆုံး စွမ်းဆောင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

***အင်တာနက်။***

## တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း-၂၀၁၀ စာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် မေ ၃

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း-၂၀၁၀ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။**(အောက်ပုံ)



ယင်းစာအုပ်တွင် မြန်မာနိုင်ငံ၏ သမိုင်းဖြစ်စဉ်များ၊ သမိုင်းဖြစ်ပေါ်တိုးတက်မှုနှင့်အညီ နိုင်ငံတော်ရွှေ့ဆက်သွားမည့်ခရီးအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကဏ္ဍများ၏ တည်ဆောက်အောင်မြင်မှုအခြေခံအဆောက်အအုံများကို နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက်များ ထင်ဟပ်လျက် မော်ကွန်းမှတ်တမ်းထိုး တင်ပြထားသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားများကို ၁၉၈၈ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ကဏ္ဍအလိုက် နှိုင်းယှဉ်ချက်စာရင်းဇယားများ၊ ကိန်းဂဏန်းများ၊ ရောင်စုံရုပ်ပုံ ဓာတ်ပုံများနှင့်တကွ ဝေဝေဆာဆာ ဖော်ပြထားသည်။

အဆိုပါစာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ် တ-၅၅ သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁ ၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉၊ ၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၂၅၊ ၆၂၉၃၁၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင် အမှတ်(၂၁၂) သိမ်ဖြူလမ်း ဖုန်း-၀၁-၂၉၄၃၀၆ ၊ အင်းဝစာအုပ်ဆိုင် အမှတ်(၂၀၁၊ ၃၀၁) မြေညီထပ် ပန်းဆိုးတန်းလမ်း (အထက်)ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၃၂၁၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်သူ့ထံမှ ပေးစာများ

### ညဉ့်သန်းခေါင်ယံ ဘောလုံးပွဲဆူညံ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကသွယ်ရပ်ကွက်၊ ကျန်စစ်သားလမ်းမကြီးရှိ လက်ဖက်ရည်ဆိုင်များတွင် အခကြေးငွေယူ၍ ဘောလုံးပွဲများ ပြသလျက်ရှိရာ ဘောလုံးပွဲကြည့်သူများ၏ အော်ဟစ်ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဆူညံသံမခံနိုင်သူများ**

### ဆိုင်ခန်းများကြောင့် လမ်းပိတ်ဆို့

**စာတည်းခင်ဗျား-**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ ဈေးရုံရပ်တွင်ရှိ အားကစားခန်းမအနီးတွင် အမိုးအကာ အဆောက်အအုံဆိုင်ခန်းများ ဆောက်လုပ်၍ စီးပွားရေးလုပ်ကိုင်နေသောကြောင့် လမ်းပိတ်ဆို့ကာ ယာဉ်သွားယာဉ်လာ ခက်ခဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဆိုင်ခန်းများအား စိစစ်ရှင်းလင်းပေးပါရန်တင်ပြအပ်ပါသည်။

**ကောလင်းသား**

### မွေးမြူရေးအနံ့ဆိုး ရှင်းလင်းပြီးစီး

၁၂-၁၂-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက် **အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**မြို့တော်စည်ပင်**

### ဘော်ဒီရုံအမှိုက်ပုံ ရှင်းလင်းပြီးစီး

၆-၃-၂၀၁၁ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်မီးရထားဝင်းမှ **ဘော်ဒီရုံနှင့် အမှိုက်ပုံရှင်းလင်းစေချင်** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြို့တော်စည်ပင်**

### ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။



နေပြည်တော် ရေပူစမ်း ရှိ ရေ ပူ ထွက် သည့် နေရာ ကို ဤသို့ လှ ပ စွာ တည် ဆောက် ထားသည်။

## နေပြည်တော် ရေပူစမ်း အပန်းဖြေစခန်း

**အားလပ်သော အလုပ်ပိတ်ရက် တနင်္ဂနွေနေ့တစ်နေ့တွင်ဖြစ်သည်။ ကျွန်တော်သည် နေပြည်တော်-ပျဉ်းမနား-ပင်လောင်းကားလမ်းပေါ် တောင်ကျကျေးရွာအနီးရှိ နေပြည်တော်ရေပူစမ်းသို့ သွားရောက်လည်ပတ်ရင်း အပန်းဖြေရေချိုးခဲ့သည်။**

ထိုရေပူစမ်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၅၀၈ ပေတွင်ရှိပြီး ဘေးဝဲ၊ ယာများတွင် မြင့်မားသော တောင်တန်းများနှင့် သဘာဝတောတောင်တို့၏ အလှအပများကို အားရပါးရရှုစားနိုင်သည့် အပန်းဖြေစခန်းတစ်ခုဖြစ်သည်။

ရေပူမှာ ၉၈ ဒီဂရီစင်တီဂရိတ်အထိပူနွေးပြီး နွေမိုးဆောင်းမပြတ် တစ်နာရီလျှင် ဂါလန် ၈၀၀၀ မှ ၁၀၀၀၀ အထိ ထွက်ရှိသည်ဟုဆို၏။ ရေပူစမ်းအနီးတွင် ရေအေးချောင်းလည်းရှိ၍ အပန်းဖြေသူများ ရေပူရေအေး လိုသလိုစပ်၍ ရေချိုးနိုင်သော ရေကန်ကြီးတစ်ခု၊ ရေအေးသက်သက် ချိုးလိုသူများအတွက် ရေအေးကန်တစ်ခုနှင့် မိသားစုအခန်းတွင် ရေချိုးလိုသူများအတွက် PRIVATE ရေချိုးခန်းများကို ပြုလုပ်ပေးထားသည်။ ထို့အပြင် ကျား/မ အဝတ်လဲခန်းများလည်း ဆောက်လုပ်ထားသည်ကို တွေ့ရသည်။

အဆိုပါ နေပြည်တော်ရေပူစမ်း အပန်းဖြေစခန်းသည် ပျဉ်းမနား-ပင်လောင်းကားလမ်းပေါ်ရှိ တောင်ကျရွာအနီးတွင်ရှိပြီး ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၇၁/၄) ကင်းသာလမ်းဆုံမှ ကိုးကွေ့အထိ တောင်ပေါ်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧**

သတင်း မှတ်စု နှင့် ဓာတ်ပုံ စိုးကြီး

ဘူမိသိပ္ပံအင်တာနက်သတင်း ဘာသာပြန် - သတင်းလုလင်

## အမေရိကန်ကမ်းရိုးတန်းမြို့ကြီး ၁၈၀ ၌ ကုန်းမြေဆုံးရှုံးမှု ဖြစ်ပေါ်လာနိုင်

**ဝါရှင်တန် မေ ၃**

အမေရိကန်နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းမြို့ကြီး ၁၈၀ သည် ၂၁၀၀ ပြည့်နှစ်ထက် နောက်မကျဘဲ ကုန်းမြေဆုံးရှုံးမှု ပျမ်းမျှ ကိုးရာခိုင်နှုန်းအထိရှိနိုင်ကြောင်း အာရီဇိုးနားပြည်နယ် တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**



**အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၏ ပင်လယ်ကမ်းရိုးတန်းဒေသ၌ တည်ရှိသော တမ်ပါမြို့ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

၃ - ၅ - ၂၀၁၁

| | | |
|---|---|---|
| နေပြည်တော်(လေဆိပ်) | ကြို့ပင်ကောက် | ကသာ |
| ၁ ဒသမ ၈၁ လက်မ | ၂ ဒသမ ၁၅ လက်မ | ၁ ဒသမ ၇၇ လက်မ |
| ပျဉ်းမနား | မြစ်ကြီးနား | ကျောက်ဖြူ |
| သုည ဒသမ ၈၆ လက်မ | ၁ ဒသမ ၈၄ လက်မ | ၁ ဒသမ ၄၉ လက်မ |